
mgyoe.com

# သီချင်းဆိုသောလက်ညှိုးကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၈)

ကြွပ်ကလေး



mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းတွင် စောင့်ဖတ်ရင်း
ရယ်မောခဲ့ရသော

**ကြွပ်ကလေး ၏ ဟာသပုံပြင်များကို**

တစ်စုတည်း ၁၀ အုပ် စီစဉ်ထုတ်ဝေလိုက်ပါပြီ။

နှာခေါင်းရှည်နတ်ပုလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)

သက်တံ့ရောင်ကျောက်တုံးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)

ဆင့်အချစ်တော်မောင်အောင်ဘော် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)

ဒဂိုးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)

ရွှေ့ရွှေ့သွားသော ကျောက်တုံးကြီး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ပြောင်းပြန်လက်ရှည်ဝေလေလေ နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

သီချင်းဆိုသောလက်ညှိုးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ကိုယ်ပျောက်ကြက်တောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

စိတ်ဆိုးသွားသော နတ်ပြက်ကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

**စုစုပေါင်း ပုံပြင် ၁၀၆ ပုဒ်တိတိ**

ISBN 9789997112606
KKL9
9 789997 112606
1,300.00KS

mgyoe.com

သီချင်းဆိုသောလက်ညှိုးကလေးနှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ (၈)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၅၇၀၉၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀၀၁၆၀၃၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း Mg Mg ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ-၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ တွင် တန်ဖိုး ဖြန့်ချိသည်။

1300 K

စာအုပ်ချုပ် သစ္စာ

၃၉၈ ∙ ၂

ကြပ်ကလေး

သီချင်းဆိုသောလက်ညှိုးကလေးနှင့်ပျော်ရွှင်ဖွယ်ပုံပြင်များ(၈)/ကြပ်ကလေး။

- ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၄၁ မျက်နှာ၊ ၁၂∙၅ စင်တီ× ၁၈∙၃ စင်တီ

(၁)သီချင်းဆိုသောလက်ညှိုးကလေးနှင့်ပျော်ရွှင်ဖွယ်ပုံပြင်များ(၈)

mgyoe.com

mgyoe.com

## မာတိကာ


၁။ စက္ကောမ မောင်ဖြူလွှန် ၁

၂။ ဝိဝိလုံး ၂၄

၃။ စာများချစ်သူ မောင်ဇမ္ဗူ ၄၈

၄။ ဟတ်ချိုး ဟတ်ချိုး ဟတ်ချိုး ၇၀

၅။ ညောင်သုံးပင်နှင့် လူမိုက်ညီနောင် ၉၀

၆။ မိုးလေဝသရုပ် ၁၁၂

၇။ နန်းတက်ချိန် ၁၃၃

၈။ ဘူးပြာကလေးနှင့် ဘူးနီကလေး ၁၅၆

၉။ ဘာကြောင့်လဲ ၁၇၆

၁၀။ သီချင်းဆိုသော လက်ညှိုးကလေး ၁၉၈

၁၁။ ကြယ်ညီနောင်


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# စက္ကောမ မောင်ဖြူလွှန်

နေသည် မကြာမီ ဝင်တော့မည်။

မောင်ဖြူလွှန်သည် မြက်တွေကိုအားစိုက်၍ ရိတ်နေသည်။ အမှန်က သူ့မိဖများသည် စားနိုင်သောက်နိုင်ဖြစ်ကြ၍ သူ့ကို ဘာအလုပ်မျှ မလုပ် ခိုင်းပါ။ ကျောင်းစာကိုသာ ဝီရိယစိုက်၍ ကျက်စေလိုကြပါသည်။

ထို့ကြောင့် ယနေ့ညတွင် မောင်ဖြူလွှန် မြက်ကို ကြိုးစား ပမ်းစားရိတ်နေသည်မှာ ထူးဆန်းသလိုတော့ ဖြစ်နေပါ၏။ မောင် ဖြူလွှန်ကား ဘေးဘီသို့ မကြည့်ပဲ မြက်တွေကို အားသွန်၍ ရိတ် နေသည်။

မနီးမဝေးက အသာရပ်ကြည့်နေသော ငပြူးသည် မအောင့် အည်းနိုင်တော့သဖြင့် မောင်ဖြူလွှန်နားသို့ ချဉ်းကပ်လာသည်။ စောစောက သူရပ် ကြည့်နေသည်ကိုလည်း မောင်ဖြူလွှန် သတိ မထားမိ။ ယခု ချဉ်းကပ်လာ ပြန်သောအခါတွင်လည်း သတိမထား မိ။ မြက်တွေသာရိတ်နေသည်။

သို့ဖြင့် ငပြူးသည် နှုတ်ကထုတ်ဟ၍ မေးမိ၏။

mgyoe.com

mgyoe.com


"ဟေ့. . ဖြူလွန်၊ မြက်တွေကို ဘာလုပ်ဖို့ရိတ်နေတာလဲ"

ဤတွင်မှ မောင်ဖြူလွန်က သူ့ကို သတိပြုမိသည်။ သို့သော် မှုန်ကုပ် ကုပ်နှင့်ကြည့်၍ဖြေ၏။

"ဘုတ်လာက. . မင်းနဲ့မဆူးဘိုင်"

"အဲဒါ ဘာပြောတာလဲကွ"

"စကားလိမ်ပြောတာ၊ ငါက စကားလိမ်ကြိုက်တတ်လို့ကွ၊ ဘာလုပ်လုပ် မင်းနဲ့မဆိုင်ဘူးလို့ ပြောတာ"

"ငါလဲ သိချင်တာပေါ့ကွ၊ ဘာလုပ်မလို့ ရိတ်တာလဲဟင်"

"ပြူးနေတာ မရဘောလား"

"ဟေ့. . ငါက မျက်စိပြူးတယ်၊ ဒါကြောင့် ငပြူးလို့ခေါ်တာပေါ့"

"ဟေ့. . ပြောနေတာ မရဘူးလားလို့ပြောတာ"

"ဟေ. . ငါလဲ စကားလိမ် ပြောတတ်ချင်တယ်၊ သင်ပေးစမ်းပါ"

"ဟေ့. . ငပြူး၊ ငါမအားဘူး၊ လုပ်မရှာနဲ့. . အဲ လာမရှုပ်နဲ့ သွားစမ်း၊ နောက်နေ့မှ သင်ပေးမယ်"

မောင်ဖြူလွန်က တကယ်စိတ်ဆိုးသလို ပြောသဖြင့် ငပြူးသည် အနားက ထွက်သွား၏။ သို့သော် သူသည် သိချင်စိတ်အားကြီးလှသဖြင့် ရွာထဲသို့ ပြန်မသွားဘဲ တော်ရာက ချောင်းကြည့်နေသည်။

မောင်ဖြူလွန်သည် မြက်စည်းငယ်တစ်စည်းကိုရသောအခါတွင်ထမ်း၍ ခပ်သွက်သွက်သွား၏။ တောစပ်နားက ကွင်းဘေးသို့ ရောက်သောအခါတွင် ကျောက်နွားရုပ်ကလေးနားသို့ အသာကပ်သွားပြီး မြက်တွေကို ချပေး၏။

"နွေးဂလား. . နွေးဂလား၊ စာပါး. . စာပါး"

mgyoe.com

mgyoe.com


ပါးစပ်ကလည်း ပြော၏။ နွားရုပ်ကလေး၏ ရှေ့တွင်လည်း မြက်တွေကိုချပေးသည်။

ချောင်းကြည့်နေသော ငပြူးသည်ရယ်ချင်လာ၏။

ဤကျောက်နွားရုပ်ကလေး ရောက်နေသည်မှာ ဆယ်လခန့် ရှိပြီ။ ဘယ်သူလာချထားမှန်းမသိ။ ဘယ်က အရုပ်မှန်းလည်း မသိပါ။ သို့သော် ဤနွားရုပ်ကလေးသည် ကျောက်ရုပ်မှန်းတော့ လူတိုင်းသိ၏။ အရွယ်မှာ လူကြီးခါးလယ်လောက်သာ မြင့်သည်။

အရုပ်ဖြစ်သောနွားကလေးကို မြက်တွေလာကျွေးနေသော မောင်ဖြူလွန်ကို ချောင်းကြည့်ရင်း ငပြူးသည် ရယ်ချင်လှ၏။ သို့သော် မောင်ဖြူလွန်သိလျှင် နားရင်းရိုက်မည်ကို စိုး၍ ရယ်ချင်စိတ်ကို အောင့်ထားရသည်။

"ကဲ . . ငယ်သွားမာ၊ ငါသွားမယ်၊ ကားကားစောင်း . . ကောင်းကောင်းစား"

မောင်ဖြူလွန်သည် ထွက်သွားတော့၏။ သူသွားပြီး ခဏကြာမှ ငပြူးသည် ပုန်းကွယ်နေရာက ထွက်လာပြီး မြက်တွေကိုယူ၍ တခြားသို့ လွှင့်ပစ်လိုက်သည်။

ခနောက်နေ့နံနက်တွင် မောင်ဖြူလွန်လာကြည့်သောအခါ မြက်တွေကို မတွေ့ရသဖြင့် ဝမ်းသာအားရဖြစ်သွား၏။

"ကာ:အောင်စုံ . . ကုန်အောင်စား၊ ညနေကျရင် ထွေးကျပ် . . ထပ် ကျွေးမယ်"

ညနေရောက်သော် မောင်ဖြူလွန် မြက်တွေရိတ်နေပြန်၏။ ငပြူးကား ချောင်းကြည့်ရင်း ပြုံးစိစိဖြစ်နေသည်။

ဤသို့ဖြင့် မောင်ဖြူလွန်က ပင်ပန်းခံ၍ မြက်တွေရိတ်ကျွေး၊

mgyoe.com

mgyoe.com


ငပြူးက တိတ်တဆိတ်လွှင့်ပစ်နှင့် သုံးရက်မြောက်ခဲ့လေပြီ။

မောင်ဖြူလွန်သည် မြက်တွေလာကျွေးပြန်၏။

"မင်းတော်တော်အစိးကြား. . အစားကြီးတယ်၊ မဝေးသ. . မဝသေးဘူးလား"

ပြောပြောဆိုဆိုနှင့် မြက်တွေချကျွေးကာ အပါးမှထွက်ခွါသွားသည်။ သို့သော် ယနေ့တော့ နွားကလေးစားသည်ကို ကိုယ်တွေ့မျက်မြင်ဖြစ်ချင်၍ ရွာထဲသို့တန်း၍ မပြန်ဘဲ သစ်ပင်ကြီးတစ်ပင်နောက်က ချောင်းကြည့်နေသည်။

ခါးတိုင်းကဲ့သို့ပင် ငပြူးသည် ချုံကွယ်မှထွက်လာပြီး မြက်တွေကိုယူသွားသည်။ မောင်ဖြူလွန်သည် အဖြစ်မှန်ကို သိကာ အမျက်ထွက်၍ ငပြူးနောက်ကို ပြေးလိုက်၏။

"ဟေ့ကောင်. . ငပြူး၊ မင်းက ငါ့ကို စော်ကားတာပေါ့လေ"

ငပြူးသည် မြက်တွေကို ပစ်ချ၍ အသံတုန်ရင်စွာနှင့် ပြန်ပြော၏။

"မင်းကို စော်ကားတာတော့မဟုတ်ပါဘူး။ ကျီစားတာပါ။ အရှုပ်ပဲကွ၊ စားမလား"

"စား. . စား၊ မစားစား မင်းက ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ"

မောင်ဖြူလွန်သည် ဒေါသထွက်လာသဖြင့် ငပြူး၏နားရင်းကို တစ်ချက်ပိတ်ရိုက်၏။ ငပြူးသည် ငို၍ပြန်သွားသည်။ ငပြူး၏ မိဘများက မခံမရပ်နိုင်ဖြစ်ကာ သူကြီးကို သွား၍ တိုင်ကြသည်။ သူကြီးက ငပြူးရော မောင်ဖြူလွန်ကိုပါ ခေါ်၍ စစ်၏။

"ဟေ့. . ဖြူလွန်၊ မင်းက ငပြူးကို ဘာဖြစ်လို့ နားရင်းရိုက်ရတာလဲကွ"

mgyoe.com

mgyoe.com


"သည်လိုပါ သိကြားခင်ဗျိုး၊ အဲလေ. . သူကြီးခင်ဗျား၊ ကျွန်တော်က နွားကလေးကို ကျွေးထားတဲ့မြက်တွေကို သူက ယူပြီးလွှင့်ပစ်လိုက်လို့ပါ"

သူကြီးသည် မျက်လုံးပြူးကြီးများဖြင့် ငပြူးကိုကြည့်၏။ ငပြူးကလည်း ပြန်၍ပြူးပြသည်။ သူ့ခမျာတော့ 'နဂိုပြူး'ဖြစ်ပါသည်။ သူကြီးကတော့ 'အံ့သြပြူး'ဖြစ်ပါသည်။

"ဟော့. . မင်းတော့ ငရဲကြီးတော့မှာပဲ၊ ဘာဖြစ်လို့ နွားကျွေးဖို့မြက်တွေကို ယူလွှင့်ပစ်ရတာလဲ ငပြူးရ၊ မင်း ဒါလောက်ပစ်ချစ်နေရင် ငါ့ခြံထဲက အမှိုက်တွေ လာကျုံးရော့ပေါ့ကွာ"

"မဟုတ်ဘူးခင်ဗျ၊ သူက မြက်သွားကျွေးနေတာ ဟိုး. . တောစပ်နားက ကျောက်နွားရုပ်ကို သွားကျွေးနေတာ၊ ဒါကြောင့် ကျွန်တော်က ကျိစားပြီး သူ့အလစ်မှာယူပြီးလွှင့်ပစ်လိုက်တာပါ"

ဤတစ်ကြိမ်တွင်တော့ သူကြီး၏မျက်လုံးပြူးကြီးများသည် မောင်ဖြူ လွှန်ဘက်သို့ လှည့်လာတော့သည်။

"ဘယ့်နှယ်လဲကွ၊ မင်းက အရုပ်တွေကို အစာကျွေးဖို့ အစီအစဉ်ထားသလား"

"မဟုတ်ပါဘူး၊ သကြားခင်ဗျိုး၊ အဲလေ. . သူကြီးခင်ဗျား၊ ကျွန်တော်က အိပ်မက်မက်တယ်"

"ဟာ. . ဒါဆန်းသလားကွ၊ လူတိုင်းအိပ်မက်မက်ဖူးကြတာပေါ့ကွ၊ အိပ်မက်မက်တိုင်းသာ အရုပ်တွေကို အစာကျွေးရရင် အလုပ်တောင် လုပ်စားရတော့မှမဟုတ်ဘူး"

"သည်လိုပါခင်ဗျာ၊ ကျွန်တော့်အိပ်မက်ထဲမှာ ကျောက် နွားရုပ်ကလေးက ငါ့ကို မြက်နည်းနည်းလာကျွေးစမ်းပါကွာ့၊ ငါ မင်းကို

mgyoe.com

mgyoe.com


ဆရာကြီး ဦးပညာဆီကို ခေါ်သွားပါ့မယ်လို့ ပြောလို့ပါ"

သူကြီးသည် မောင်ဖြူလွှန်၏ စကားကိုကြားသောအခါတွင် အားရပါးရအော်၍ ရယ်မောတော့သည်။

"ဟားဟား. . ဟားဟား၊ မင်း တော်တော်ညံ့တဲ့ကောင်ပဲ ဖြူလွှန်ရယ်၊ တကယ်ဆိုရင် ငါ့ကို အိပ်မက်ထဲထည့်ပြီး မက်လိုက်ပါလား၊ တစ်နေ့ကို မုန့်ပျားသလက်ဆယ်ခု ကျွေးပါလို့ ငါက ပြောတယ်လို့ အိပ်မက်မက်ပစ် လိုက်ပါတော့ကွာ. . ဟားဟား"

ထိုအခါတွင် ငပြူးက ပျာပျာသလဲကြားက ဝင်ပြော၏။

"ကျွန်တော် တစ်နေ့က သူကြီးကို အိမ်မက်မက်တယ်"

သူကြီးသည် ရယ်မောခြင်းကို ချက်ချင်းရပ်လိုက်ကာ ငပြူးကိုကြည့်၏။ ငပြူးကလည်း ပြန်ပြူးပြသည်။

"ဟေ. . ဘယ်လိုမက်တာလဲ"

"သူကြီးက ကျွန်တော့်အိမ်ကိုလာပြီး ရေတွေထမ်းထည့်ပေးတာရာ ဝင်အိုးဆယ်လုံး ပြည့်ရောဆိုပဲ"

"ခွေမသား ငပြူး. . နင် အသက်တိုမယ်"

ထိုခဏတွင် ညံ့ညံ့စီစီနှင့်ရွာသားသုံးလေးယောက် ရောက်လာကြကုန်၏။

"သူကြီးခင်ဗျာ၊ လုပ်ပါဦး. . ဒေါ်အေးသာကြီး ပျောက်သွားပြီ"

"ဘယ်က ဒေါ်အေးသာလဲ. . ပန်းနာသည်ကြီးလား"

"ဟုတ်ပါတယ်"

"ဟာ. . ကောင်းတာပေါ့ကွ၊ ပန်းနာရောဂါပျောက်တာ ဘယ်ဆေးကို မှီဝဲလို့တဲ့လဲ"

"ရောဂါပျောက်တာမဟုတ်ဘူး သူကြီးရဲ့၊ လူပျောက်သွားတာ၊

mgyoe.com

mgyoe.com



ဘယ်ရောက်သွားမှန်း မသိဘူး"

"ဟော. . ဟုတ်လား၊ ဒါဖြင့် ခဏနေဦး၊ သည်က ကလေးတွေ ကိစ္စ ကို ရှင်းလိုက်ဦးမယ်၊ ဟော့ ငပြူး. . သူ့ဘာသာသူ အရုပ်ကိုပဲ အံစာကျွေးကျွေး၊ မင့်ကိုလာပြီး ထိခိုက်တာမဟုတ်ဘူး၊ မင်းလုပ်တာ ကသာ သူ စိတ်ညစ်ရတယ်၊ ဒါကြောင့် မင်း သူ့မြက်တွေကို သွားယူ လွှင့်မပစ်နဲ့၊ နောက်ကို လွှင့်ပစ်တယ်ကြားရင် ငါကိုယ်တိုင် နင့်ကို ကြိမ်လုံးနဲ့ အချက်နှစ်ဆယ် ရိုက်မယ် ကြားလား"

"ဟုတ်ကဲ့"

"ကြားရင် ပြန်ပြောစမ်း၊ ငါ ဘာပြောသလဲ"

"ဖြူလွှန်ရဲ့မြက်တွေကို ယူလွှင့်ပစ်ရင် သူကြီးက ကျွန်တော့်ကို ကြိမ် လုံးနဲ့ ဆယ်ချက်ရိုက်မယ်လို့ ပြောပါတယ်"

"အေး-ကောင်းပြီ၊ သွားတော့. . အောင်မာ၊ ပြန်လာစမ်း၊ ကြိမ်လုံးနဲ့ အချက်နှစ်ဆယ်ရိုက်မှာကွ၊ ညာတာပါတေးနဲ့ ဈေးမလျှော့ ချင်ပါနဲ့၊ သွားတော့၊ ကောင်းကောင်းမှတ်ထား"

ငပြူးနှင့်မောင်ဖြူလွှန်တို့၏ကိစ္စမှာ ဤတွင်ပြီးပြတ်သွားသည်။

သို့ရာတွင် သူကြီးမှာ ကိစ္စမပြီးနိုင်ချေ။ ရွာကလူတွေပျောက် ပျောက်နေသည်။ ထို့ကြောင့် သူကြီးသည် ဘုရင်ကြီးရှိရာ နေပြည် တော်သို့ တက်၍ ဘုရင်ကြီးထံ အခစားဝင်ရတော့သည်။

"ဘုရင်ကြီးခင်ဗျား. . ကယ်တော်မူပါဦး"

"ဘာကယ်ရမှာလဲ. ငါတစ်မနက်လုံး ရင်ကယ်နေတာ ထပ်ပြီး ကယ်ရရင် သေဖို့သာရှိတော့တယ် မောင်မင်း"

"ရင်ကယ်ဖို့လျှောက်ထားနေတာမဟုတ်ပါ၊ ကျွန်တော်မျိုးတို့ ဒုက္ခမှ ကယ်တင်တော်မူပါဦးလို့ ပြောတာပါ ဘုရား"

mgyoe.com

mgyoe.com


"ဟော. . မင်းတို့က ဘာဒုက္ခတွေဖြစ်နေလို့လဲ၊ ထမင်းစားရင်း လျှာကိုက်မိသလား၊ ပုလင်းထဲ လက်ညှိုးသွပ်မိတာ ပြန်ထုတ်လို့မရဘူးလား၊ ဒါမှမဟုတ်ရင် အရစ်ပြုန်းနေတဲ့ ဝက်အူကို ဆုံးအောင် လှည့်လို့မရတဲ့ ဒုက္ခလား၊ ပြောစမ်း မြန်မြန်"

"အဲဒါတွေတစ်ခုမှမဟုတ်ပါဘူးဘုရား၊ ကျွန်တော်မျိုးတို့ရွာမှာ လူတွေ ပျောက်ပျောက်ကုန်တယ်ဘုရား ၊ရှာလို့ကိုမတွေ့တော့ဘူး၊ ဘယ်လိုဖြစ်မှန်းလဲ မသိဘူး"

"ပျောက်တာ ဘယ်နှယောက်လောက် ရှိပြီလဲကွ"

"ခုနစ်ယောက်တိတိရှိပါပြီဘုရား"

"အေး. . နေပြည်တော်မှာ ပျောက်နေတာ ခုနစ်ဆယ်တိတိရှိနေပြီ၊ ဘာကြောင့်မှန်းမသိ၊ ဘယ်ရောက်ကုန်မှန်းလဲမသိဖြစ်နေတယ်။ သည်တော့ ငါ့ဒုက္ခတောင် ငါမကယ်နိုင်သေးတာ၊ မောင်မင်းဒုက္ခကို ခဏငပိ အိုးထဲ သိပ်ထားလိုက်ဦးလေ"

ဤသို့ဖြင့် သူကြီးသည် ကုပ်ကုပ်ကလေး ပြန်လာရလေတော့၏။

မောင်ဖြူလွန်ကား အလွန်ကျေနပ်နေပါသည်။

ယနေ့တော့ ငပြုးလာရောက်နှောင့်ယှက်တော့မည် မဟုတ်သောကြောင့် ဖြစ်၏။ ရိတ်ပြီးသော မြက်တွေကိုယူလာကာ ကျောက်နွားရုပ်လေး၏ရှေ့တွင် ချထားပြီး သစ်ပင်ကြီးအကွယ်က သွား၍ ချောင်းကြည့်နေသည်။

နေဝင်ခါနီးအချိန်တွင် နွားရုပ်ကလေးသည် အသက်ဝင်လာသလို ဖြစ်လာကာ မြက်တွေကို ငုံ့စားလေတော့၏။

မောင်ဖြူလွန်သည် ဝမ်းသာအားရဖြစ်သွားသည်။ ကျောက်နွား

mgyoe.com

mgyoe.com


ရုပ်ကလေးနားသို့ ပြေးကပ်သွားမိ၏။ ကျောက်နွားကလေးသည် မောင်ဖြူလွှန်ကို လှည့်ကြည့်ပြီး စကားပြောသည်။

"ကိုင်း. . ငါ့ကျောတက်ထိုင်"

မောင်ဖြူလွှန်သည် ကျောက်နွားကလေးပေါ်သို့ တက်ခွထိုင်လိုက်၏။ ထိုခဏတွင်ပင် ကျောက်နွားရုပ်ကလေးသည် ကောင်းကင်သို့ ပျံတက်သွားလေတော့သည်။

မကြာမီပင် သူတို့သည် ကျောက်တောင်ကြီးတစ်ခုသို့ ရောက်လာကြ၏။ တောင်ထိပ်နားရှိ ကျောက်ဂူတစ်ခုရှေ့တွင် နွားကလေးဆင်းသက်သည်။ ဂူဝအပေါ်နားတွင် 'စက္ကောမ ဆရာကြီး ဦးပညာ'ဟူသော စာတန်းကိုတွေ့ရ၏။

"ကဲ. . ဂူထဲဝင်သွား၊ ဂူထဲမှာ ဆရာကြီးဦးပညာရှိတယ်"

မောင်ဖြူလွှန်သည်လည်း ကျောက်နွားရုပ်ကလေး ပြောသည့်အတိုင်းပင် ဂူထဲသို့ ဝင်သွား၏။ ဂူထဲတွင် ဓာတ်လုံးများအရောင်ဖြင့် လင်းထိန်နေသည်။ ပိတ်ဖြူစင်ကြယ်ဝတ်ထားသော နှုတ်ခမ်းမွေးအဖြူ မုတ်ဆိတ်မွေးအဖြူများနှင့် ဆရာကြီးဦးပညာ သည် မောင်ဖြူလွှန်ကို ဆီးကြိုသည်။

"ကယ်ထိုက်တဲ့လူကိုတွေ့ဖို့ အဓိဋ္ဌာန်ပြုပြီး ကျောက်နွားလေးကို လွှတ်ထားရတာ၊ ငါ့မြေးနာမည်က ဘယ်လိုခေါ်သလဲ"

"ဘော်လိုခယ်. . အဲလေ. . ဘယ်လိုခေါ်သလဲဆိုရင် မောင်ဖြူလွှန်လို့ခေါ်ပါတယ်"

"စိတ်ထားက အလွန်ဖြူလို့ မောင်ဖြူလွှန်ခေါ်တာ ဖြစ်မှာပေါ့၊ ကဲ. . ထိုင် အဘိုးပြောပြတာကို သေသေချာချာနားထောင်စမ်း"

မောင်ဖြူလွှန်သည် ဦးပညာ၏ဘေးတွင် ယို့ယို့ကလေးထိုင်၍

mgyoe.com

mgyoe.com


နားထောင်၏။ ဆရာကြီးဦးပညာက လေအေးဖြင့် ဖြည်းညင်းစွာ ပြောပြနေသည်။

"အရင်က ငါ့မှာ တပည့်တစ်ယောက်ရှိတယ်၊ သူ့နာမည်က မောင်ညစ်ပတ်တဲ့၊ သူက နာမည်နဲ့လိုက်အောင် စိတ်ထားညစ်ပတ်တယ်ကွယ်၊ ငါ့ဆီက စက္ကောမအတတ်ကို သူ သင်ယူတတ်မြောက်သွားတယ်"

"စကောကိုမ,တဲ့အတတ်က တကူးတက သင်စရာလိုသေးသလား အဘိုးရဲ့၊ လက်နှစ်ဖက်နဲ့ဆွဲမြောက်လိုက်ရင် ရတာပေါ့"

"ဆင်နင်းထားတဲ့ စကောဆိုရင် ငါ့မြေးပြောသလို လွယ်မှာမဟုတ်ဘူး၊ ဒါပေမယ့် အဘိုးပြောချင်တာက တခြားပါ။ စကောကမတဲ့အတတ် မဟုတ်ဘူး၊ စက္ကောမအတတ်လို့ခေါ်တယ်၊ စက်ယန္တရားအရုပ်တွေလုပ်တဲ့ အတတ်ပဲ၊ သည်အတတ်ကို သိပ်တတ်ရင် စက်ရုပ်တွေကို အသက်သွင်း လို့ရတယ်"

"အဲဒီတပည့်က စုံအောင်တတ်သွားသလား"

"အေး. . တတ်သွားလို့ ခက်တာပေါ့ကွဲ့၊ အခု သူက ကျွန်းကြီးတစ်ကျွန်းပေါ်မှာ စက်ရုပ်တိုင်းပြည်တည်နေတယ်။ နောက်ဆိုရင် ဇမ္ဗူဒိပါကျွန်းကြီးတစ်ကျွန်းလုံးကို မတရားသိမ်းပိုက်ပြီး အုပ်ချုပ်မယ်လို့ ကြံစည်နေတယ်။ သူက လူဆိုးလူညစ်ဆိုတော့ အဘိုးတို့က ဒါကို တားမြစ်ရမယ် ကွဲ့"

"ဘယ်လိုတားလို့ရမှာလဲ အဘိုးရဲ့၊ သူ့မှာ စက်ရုပ်တွေရှိနေတာပဲ"

"အဘိုးမှာလဲ စက်ရုပ်တွေလုပ်ပြီးသား ဆယ်ရုပ်ရှိတယ်၊ သူ့မှာက တရာလောက်ရှိတယ်။ သူ့အရုပ်တွေက လူတွေကိုသတ်ပြီး

mgyoe.com

mgyoe.com



လူ့သွေးတွေ လောင်းထည့်ထားလို့ သူ့စက်ရုပ်တွေက သူတို့ဘာသာသူတို့ စိတ်ကူးနဲ့ လှုပ်ရှားသွားလာလို့ရတယ်။ အဘိုးရဲ့အရုပ်တွေကတော့ ဂါထာမန္တန်သက်သက်နဲ့ပဲ အသက်သွင်းထားလို့ လူက ဦးဆောင်စေခိုင်းမှ လုပ်လို့ရတယ်"

"သူက လူ့သွေးတွေ ဘယ်ကရသလဲ"

"တခြားတိုင်းပြည်တွေက လူတွေကိုခိုးယူသတ်ဖြတ်လို့ ရတာပေါ့"

"အော် . . ဒါကြောင့် လူတွေ ခုတလော ပျောက်ပျောက်ကုန်တာကိုး"

"ဟုတ်ကဲ့ယ်၊ သည်ကောင် စိတ်ထားညစ်ပတ်လှတယ်၊ ဒါကြောင့် သူ့အတတ်ကို ဖျက်ဆီးပစ်မှ ဖြစ်မယ်၊ ငါ့စက်ရုပ်က လူက ဦးဆောင်ရပေမယ့် စက်ရုပ်ချင်းတိုက်ရင် သူ့စက်ရုပ်ထက်သာတယ်၊ ဒါကြောင့် ငါ့ စက်ရုပ်ဆယ်ကောင်နဲ့ သူ့စက်ရုပ်တစ်ရာကို နိုင်လောက်တယ်၊ ဒါပေမယ့် ငါကိုယ်တိုင်သွားရင် ငညစ်ပတ်က သိသွားမယ်၊ ဒါကြောင့် မောင်ဖြူလွန်က သွားပေးပါ"

မောင်ဖြူလွန်သည် ခဏတော့ တွေသွား၏။ ပြီးမှ စကားကိုပြောသည်။

"မကောင်းသူကို တားမြစ်ရမယ့်အလုပ်မို့ သွားချင်ပါတယ်၊ ဒါပေမဲ့ ဟိုကျရင်ဘာလုပ်လို့ ဘာကိုင်ရမှန်းကို သိမှာ မဟုတ်တော့ ခက်တယ် အဘိုးရဲ့"

"ဒါကို မပူပါနဲ့လေ၊ အဘိုးစီစဉ်ပေးလိုက်ပါ့မယ်၊ မောင်ဖြူလွန်က နွားရုပ်ကလေးကိုစီးသွား၊ နောက်က စက်ရုပ်ဆယ်ရုပ်က သူတို့ဘာသာ သူတို့ ပျံပြီးလိုက်လာလိမ့်မယ်။ သူတို့တိုင်းပြည်ရဲ့

mgyoe.com

mgyoe.com



အပြင်နားက ကွန်းထိပ်မှာ ပြဒါးအိုင်ကြီးရှိတယ်၊ အဲသည်နားကို နွားကလေးက ပို့ပေးလိမ့်မယ်၊ မောင်ဖြူလွန်က ပြဒါးအိုင်ကြီး ထဲကိုဆင်း၊ ပြန်တက်လာရင် စက်ရုပ်နဲ့ တူနေလိမ့်မယ်၊ သည်က ပါသွားတဲ့စက်ရုပ်တွေကိုတော့ ပြဒါးအိုင်နားက တောအုပ်ထဲမှာ ပုန်းနေခိုင်းထား၊ ပြီးတော့ မောင်ဖြူလွန်က သူတို့တိုင်းပြည်ထဲ ဝင်ပြီး သူတို့စက်ရုပ်တွေနဲ့ ရောနှောသွားလာပေါ့"

"ကျွန်တော်က စက်ရုပ်သဏ္ဍာန်နဲ့သာတူမှာ စက်ရုပ်အစစ် မဟုတ်တော့ သူတို့စက်ရုပ်တွေကို ဖက်သတ်လို့ရမှာမဟုတ်ဘူး'

"ဖက်မသတ်ရပါဘူးလေ၊ အခါအခွင့်ကို ကြည့်ပြီး ဉာဏ်ပတ်ရဲ့ နန်းတော်ကြီးထဲရောက်အောင်လုပ်၊ အထဲမှာ မောင်ကြီးတစ်ခု ရှိတယ်။ ဘယ်မှာထားသလဲတော့မသိဘူး၊ သည်မောင်းကြီးကို ဟောသည်ဘုနဲ့ထုလိုက် ရင် သူ့ရဲ့အတတ်ပညာတွေ ကွယ်သွားရော၊ သည်တော့မှ အိုင်နားက စက်ရုပ်တွေကို စိတ်ကမှန်းပြီး လာကြ ဟေ့. . ကိုယ့်လူတို့၊ တိုက်ကြတော့လို့ အော်ပြောလိုက်ရင် အဘိုး စက်ရုပ်တွေက ပြေးလာကြပြီး သူတို့စက်ရုပ်တွေကို ဖျက်ဆီးပစ် လိမ့်မယ်၊ သည်တော့ မောင်ဖြူလွန်က နွားကလေးစီးပြီး ပြန်လာခဲ့၊ စက်ရုပ်တွေက နောက်ကလိုက်လာလိမ့်မယ်၊ ဒါဆိုရင် လောကကြီး ဟာ လူယုတ်မာလက်က လွတ်ပြီပေါ့"

"ဟုတ်တော့ဟုတ်တာပေါ့၊ ဒါပေမယ့် သူ့မောင်းကြီးက ဘယ်မှာ ထားမှန်းမသိတော့ ရှာရခက်နေရင် ဒုက္ခပဲ"

"ဒါကတော့ မောင်ဖြူလွန်ရဲ့အစွမ်းအစနဲ့လုပ်ပေတော့ကွယ်၊ အဘိုးလည်း ဒါလောက်ပဲပြောနိုင်တယ်၊ အော်. . ရော့ ဟောသည် ငှက်ပျောသီး တစ်လုံးကိုစားသွား၊ အစာမစားဘဲ လေးငါးလနေနိုင်

mgyoe.com



တယ်၊ သူတို့ဆီမှာ အစာစားလို့ မဖြစ်ဘူး၊ စက်ရုပ်ယောင်ဆောင် နေရတာကိုး၊ စက်ရုပ်ဆိုတာ အစာမစားဘူးကွဲ့.”

နောက်နေ့နံနက်တွင် မောင်ဖြူလွန်သည် ဦးပညာကျွေးသော ငှက် ပျောသီးကိုစားပြီးနောက် မောင်းထုသည့်ဘုကြီးကို ပုဆိုးကြား တွင်ဝှက်၍ယူကာ ကျောက်နွားရုပ်ကလေးကို စီး၍ခရီးထွက်လာ၏။ စက်ရုပ်ဆယ်ရုပ်ကား သူ့နောက်ကတန်း၍ လိုက်လာရာ နေရောင် တွင် တလက်လက် ဖြစ်နေလေသည်။

သို့သော် မောင်ဖြူလွန်၏စိတ်သည် ပေါ့ပါးရွှင်လန်းခြင်းတော့ မရှိပါ။ ဟိုရောက်၍ မောင်းကြီးရှာမတွေ့ရင် ခက်တော့မည်ဟုတွေး ၍ ပူပန်နေမိသည်။

အေးမြသောလေသည် တဟူးဟူးနှင့် တိုက်ခတ်နေသည်ဖြစ် သောကြောင့် အပူဒဏ်သက်သာလှ၏။ လေဟုန်ကိုစီး၍ ပျံသန်း သွားရသည်မှာ အရသာရှိလောက်ပါ၏။ သို့သော် တခြားအချိန် ဆိုလျှင် သူသည် အလွန်ပျော်ရွှင်မိမည်သာဖြစ်၏။ ယခုတော့ ဆောင်ရွက်စရာလုပ်ငန်းကြီးအတွက် ရင်လေးနေရသဖြင့် မောင်ဖြူ လွန်ခမျာ စိတ်မရွှင်နိုင်ရှာပါ။

မကြာမီပင် ကျွန်းဦးပြဒါးအိုင်ကြီးနားသို့ ရောက်၍ ကျောက် နွားကလေးက ဆင်းသက်သည်။ မြေကြီးပေါ် ရောက်လျှင် ကျောက် နွားကလေးသည် ပကတိအရုပ်သဖွယ်ပင်ဖြစ်နေ၏။

မောင်ဖြူလွန်သည် မြေကြီးပေါ် ဆင်းလိုက်ကာ တရုပ်ပြီးတစ် ရုပ် ရောက်ရှိလာကြသော စက်ရုပ်များကို တောအုပ်ထဲတွင် အပုန်း ခိုင်းလိုက်၏။ စက်ရုပ်ဆယ်ရုပ်စလုံး ပုန်းအောင်းပြီးမှ သူသည် ပြဒါးအိုင်ထဲသို့ ခုန်ချလိုက်၏။

mgyoe.com

mgyoe.com


အရှိန်နှင့်စုံးစုံးမြုပ်သွားသည်။ သို့သော် အိုင်၏အောက်ဘက် မြေမျက်နှာပြင်အရောက်တွင် တစ်စုံတစ်ခုက ပင့်မြှောက်တင်လိုက် သလိုဖြစ်ကာ သူသည် အရှိန်ဖြင့်ပြန်တက်လာပြီး ရေပြင်မှ လွင့်စဉ် ထွက်ကာ ကမ်းပေါ်တွင် မတ်တတ်ရပ်လျက်သားလေး ဖြစ်နေ တော့သည်။

သူ့ကိုယ်သူ ငုံ့ကြည့်လိုက်၏။

နေရောင်တွင် ပြိုးပြိုးပြောင်ပြောင်နှင့် သံမဏိစက်ရုပ်သဏ္ဍာန် ပေါက်နေသည်ကို တွေ့ရ၏။ ကျေနပ်စွာဖြင့်ပင် မြို့တံခါးဆီသို့ လာခဲ့၏။ မြို့တံခါးထိပ်တွင် 'စက္ကောမဆရာကြီးဦးညစ်ပတ်'ဟူသော စာတန်းကို တွေ့ရသည်။

မောင်ဖြူလွန်သည် မြို့တွင်းသို့ဝင်ရောက်လာ၏။ စက်ရုပ်တွေ ဟိုသွား သည်သွားနှင့်တွေ့ရသည်။ သူသည်လည်း ရောနှော၍ ခြေဦးတည့်ရာ လျှောက်ရသည်။ တခြားစက်ရုပ်တွေ လှုပ်ရှားပုံ ကိုကြည့်၍ နည်းယူလျှောက်ရ၏။ စက်ရုပ်သည် လမ်းလျှောက်နေ သည့်အခါ လက်တွေကို ဘေးတွင်တွဲလွဲချထား၏။ ကိုယ်လှုပ်ရှိန် ကြောင့်သာ လက်တွေလှုပ်သည် ဆိုရုံကလေး လှုပ်ကြ၏။ လူတွေလို လက်လွှဲလမ်းလျှောက်ခြင်းမပြုကြ။ တစ်ဖန်ဦးခေါင်းကို သက်သက် လှည့်ကြည့်မှ ခေါင်လည်လာသည်။ တည့်တည့်သို့ကြည့်၍ လျှောက် နေလျှင် ဇက်ကြီးတွေ ခိုင်နေကြ၏။

မောင်ဖြူလွန်သည်လည်း ဤနည်းဤပုံမျိုးကို အတုယူကာ လိုက်လျှောက်နေရသဖြင့် ခဏအကြာတွင်ပင် ဇက်ကြောတွေ တောင့်တက်လာသည်။ ဤတိုင်းသာ ဆယ်ရက်လောက်နေရလျှင် သူသည် ဇက်တောင့် သေသောမသာ ဖြစ်တော့မည်ဟု သူ့ကိုယ်သူ

mgyoe.com

mgyoe.com


ထင်၏။

လမ်းဘေးတစ်လျှောက်တွင် တိုင်များစိုက်ထား၏။ တိုင်ထိပ်တွင် သံပြားတွေကပ်ထားသည်။ တိုင်တစ်တိုင်နှင့်တစ်တိုင် ဝါးနှစ်ရိုက်စီလောက်ကွာ၏။ စက်ရုပ်တွေနေသည့် မြို့တွင် မီးလောဇစရာအကြောင်းမရှိဘဲ မီးကပ်တွေ ထောင်ထားရသလားဟု မောင်ဖြူလွန်က ရင်ထဲတွင်အပြစ်တင်မိ၏။

သို့သော် သူ့အထင်သည် မှားယွင်းကြောင်းကို သူချက်ချင်းပင်သိရတော့သည်။ မီးကပ်ပြားများဟု ထင်ရသောတိုင်ထိပ်သံပြားများဆီမှ အသံများထွက်ပေါ်လာသောကြောင့်ပင်ဖြစ်၏။ ပြောနေသူမှာ တစ်ယောက်တည်းဖြစ်သော်လည်း အသံများမှာမီးကပ်ပြားဟု ထင်ရသော သံပြားတိုင်က ထွက်နေသဖြင့် တစ်ချိန်တည်းတွင် တစ်မြို့လုံး ပြိုင်တူသိနိုင်ကြားနိုင်ကြသည်။

ဦးညစ်ပတ်သည် တော်တော်ဉာဏ်သွား၏။ မောင်ဖြူလွန်သည် ဝမ်းထဲက ချီးကျူးမိပြီးထွက်ပေါ်လာသောစကားများကို နားထောင်လိုက်သည်။ အခြားစက်ရုပ်တွေလည်း ရောက်ရာတွင် ခြေစုံရပ်၍ နားထောင်မနေကြ၏။

"ငါ့တပည့်တွေအားလုံး. . နန်းတော်ကို လာခဲ့ကြပါ၊ ငါ့သားတော်ကို ဖျော်ဖြေကြရမယ်၊ အားလုံး. . လာခဲ့ကြ. . လာခဲ့ကြ၊ ဟေ့. . ဟေ့. ဟေ့"

စက်ရုပ်များအားလုံးသည် တစ်နေရာဆီသို့ ဦးတည်၍သွားကြတော့သည်။ စက်ရုပ်များမှာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဖြစ်ကြ၏။ စက်ရုပ်ပု၊ စက်ရုပ်မြင့်၊ စက်ရုပ်ကော့၊ စက်ရုပ်ဝ၊ စက်ရုပ်ကုန်း၊ စက်ရုပ်ကွ၊ စက်ရုပ်လိမ်နှင့် အမျိုးမျိုးဖြစ်ကြရာ ၁၂ နှစ်သား

mgyoe.com

mgyoe.com

မောင်ဖြူလွှန်သည် သူတို့နှင့်ရောနှော၍ လိုက်ပါသွားနိုင်လေတော့၏။

ဤသို့ဖြင့် နန်းတော်ကြီးထဲသို့ ရောက်လာကြသည်။

နန်းရင်ပြင်တွင် စက်ရုပ်တွေစု၍ ရပ်နေကြ၏။ ဆရာကြီးဦးညစ်ပတ်သည် စင်မြင့်တစ်ခုရှေ့နားတွင် ကုလားထိုင်နှင့် ထိုင်နေ၏။ သူ့ဘေးတွင် ရှစ်နှစ်သားခန့် ကလေးတစ်ယောက်ထိုင်နေသည်။

"ကဲ. . မင်းတို့အထဲက အကကောင်းတယ်ထင်တဲ့ အကောင်ဆယ်ကောင်လောက် စင်မြင့်ပေါ်တက်ပြီး ကကြစမ်း၊ ငါ့သားက အကကောင်းတယ်လို့ ပြောတဲ့ကောင်ကို ဆုတော်လာဘတ်တော်ပေးမယ်၊ ငါ့သားက မကောင်းဘူးလို့ပြောတဲ့ကောင်တော့ ခြေထောက်တွေ ဖြုတ်ပြီး တစ်ပတ် အချုပ်ခံရမယ်၊ ကဲ. . တက်ကြ"

စက်ရုပ်တွေငြိမ်နေ၏။ ထို့နောက်မှ တစ်ရုပ်စ နှစ်ရုပ်စ လှုပ်ရှားကာ စင်ပေါ်တက်ကြ၏။ မကြာခင် ရှစ်ရုပ်လောက် စင်ပေါ်သို့ရောက်လာ၏။ မောင်ဖြူလွှန်သည်လည်း ရော၍တက်သွားသည်။ အရုပ်ဆယ်ရုပ်လောက် ဖြစ်လာသောအခါတွင် စင်အောက်က စက်ရုပ်တွေက ဆိုင်းတီးကြသည်။

စက်ရုပ်တွေ ခြေကားရား လက်ကားယားနှင့်လာကြ၏။ မောင်ဖြူလွှန်ကလည်း ရော၍တက်သွားသည်။ အရုပ်ဆယ်ရုပ်လောက်ဖြစ်လာသောအခါတွင် စင်အောက်က စက်ရုပ်တွေက ဆိုင်းတီးကြသည်။

စက်ရုပ်တွေခြေကားယား လက်ကားယားနှင့်ရောက်လာကြ၏။ ဘေးနားက စက်ရုပ်၏ခြေသည် သူ၏ဒူးခေါင်းကို ခွပ်ခနဲကန်မိရာ 'အလယ်လယ်' ဟုအော်၍ မောင်ဖြူလွှန် ပုံကျသွား၏။

mgyoe.com

mgyoe.com



စက်ရုပ်အချို့က လှည့်ကြည့်သည်။ တစ်ရုပ်ကပြော၏။

"ဟော့. . စက်ရုပ်ဆိုတာ နာတတ်သလားကွာ"

မောင်ဖြူလွန်သည် ခပ်တည်တည်နှင့် ပြန်ထပြီးဖြေကြားသည်။

"ကလေး ကြည့်နေတာမို့ လူနဲ့တူအောင် လုပ်ပြတာ. . ဟဲဟဲ"

စောစောက မေးသောစက်ရုပ်သည် မကျေနပ်သလိုနှင့် သူ့ခြေထောက်ကြီးဖြင့် မောင်ဖြူလွန်၏ ညို့သကျည်းကို ခွပ်. . ခွပ်နှင့် နှစ်ချီကန် ၏။

မောင်ဖြူလွန်သည် အံကိုကြိတ်၍ အောင့်ခံရသည်။ ထို့နောက် ဆိုင်းသံဖြင့် ဆက်၍ကကြပြန်၏။ မောင်ဖြူလွန်သည်မူလကပင် အက ဝါသနာပါသဖြင့် စိတ်ပါလက်ပါကလေရာ စက်ရုပ်တွေ လိုက်မကတတ်ဘဲ ဖြစ်နေကြသည်။ သူတို့ကား တဂျောက်ဂျောက် ဂျက်ဂျက်နှင့် လက်ကားရား ခြေကားယားပင်ဖြစ်နေကြ၏။

ကနေရင်းက မောင်ဖြူလွန်သည် ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ စင်၏လက်ဝဲဘက်ဘေးတွင် တံခါးရွက်များ ပိတ်ထားသော အခန်းတွေကိုတွေ့ရ၏။ အခန်းပေါက်တိုင်း၏ထိပ်တွင်လည်း စာတန်းတွေရေးထားသည်ကို တွေ့ရသည်။

ဆေးလိပ်မသောက်ရ။

မီးခြစ်မယူရ။

ဖိနပ်မစီးရ။

မီးမတောင်းရ။

အခန်းလေးခန်းဖြစ်၏။ မောင်ဖြူလွန်၏ ဝါသနာပြန်ပေါ်လာကာ စိတ်ထဲက စာတန်းတွေကို စကားလိမ်လျှောက်လုပ်နေမိသည်။

ဆောက်လိပ်မသေးရ။

mgyoe.com

mgyoe.com


မူခြစ်မယီးရ။

ဖနီးမစပ်ရ။

မောင်းမတီးရ။

နောက်ဆုံးစကားသည် သူ့ရင်ထဲကို ဒိန်းခနဲဖြစ်စေ၏။ မောင်းမတီးရ။ ဟိုပါပြီ။ ဤအခန်းထဲတွင် မောင်းကြီးရှိပေလိမ့်မည်။ ထို့ကြောင့် မောင်းမတီးရဟူ၍ တားမြစ်ထားခြင်းများလား မသိ။ ဘာပဲဖြစ်ဖြစ် စမ်းကြည့်ချင်သည်။ မောင်ဖြူလွန်သည် ဤသို့ပင် စိတ်ကူးနေမိ၏။

"ကဲ. . ရပ်ကြတော့ သားတော်. . ဘယ်သူကတာ အကောင်းဆုံးလဲ"

စက်ရုပ်တွေ အကရပ်သွား၏။ သားတော်ဆိုသော ကလေးသည် မောင်ဖြူလွန်ကို လက်ညှိုးထိုးပြ၏။

"ကဲ. . ဟော့၊ စက်ရုပ်ငပုလေး ဆုတော်ငွေလာဆင်းယူချေ"

မောင်ဖြူလွန်သည် စင်မြင့်လက်ဝဲဘက်လှေကားမှ ဆင်းသက်လာ၏။ မြေပြင်ကို ခြေထောက်က ထိမိသည်နှင့် တစ်ပြိုင်နက် 'မီးမတောင်းရ' ဟုရေးထားသော အခန်းဆီသို့ပြေးသည်။ တံခါးရွက်ကို ပခုံးဖြင့် တိုက်ဖွင့်၏။ တံခါးရွက်သည် အသေပိတ်ထားခြင်း မဟုတ်သဖြင့် ဝုန်းခနဲပွင့်ထွက်သွား၏။

အတွင်းသို့ရောက်သည်နှင့်တစ်ပြိုင်နက် ရွှေရောင်တဝင်းဝင်းနှင့် မောင်းကြီးကိုတွေ့ရလေတော့သည်။ မောင်ဖြူလွန်သည် ဘုကို ဝှက်ထားရာမှ ထုတ်ကာ မောင်းကြီးဆီသို့ပြေးကပ်၍ တဒူဒူထု ထည့်လိုက်လေသည်။ သုံးချက်ခန့်ထုမိသည်နှင့်တစ်ပြိုင်နက် မောင်းကြီးမှာ အစိတ်စိတ်အမွှာမွှာ ကြေမွလွင့်ကျကုန်လေတော့၏။

mgyoe.com

mgyoe.com


မောင်ဖြူလွန်သည် ပြဒါးအိုင်နားက စက်ရုပ်တွေကိုစိတ်ဖြင့် ရည်မှန်းပြီး ပါးစပ်က အော်ဟစ်လိုက်သည်။

"ကိုယ့်လူတို့ . . မြန်မြန်လာကြ၊ သည်က စက်ရုပ်တွေကို တိုက်ခိုက်ကြတော့"

အပြင်ဘက်တွင် ဆူညံနေ၏။ မောင်ဖြူလွန် ပြေးထွက်သွားသောအခါတွင် စက်ရုပ်သုံးရုပ်ခန့်သည်ဝိုင်းလာ၏။ ရှေ့က စက်ရုပ်ကို မောင်ဖြူလွန်က ခြေထောက်ဖြင့်ကန်၏။ စက်ရုပ်ကား မဖြုံချေ။

တစ်ဖန် စက်ရုပ်က မောင်ဖြူလွန်၏ညို့သကျည်းကို ပိတ်ကန်၏။ မောင်ဖြူလွန်က ပေါင်ကို ကားပေးလိုက်သည်၊ စက်ရုပ်၏ခြေထောက်သည် သူ့ပေါင်ကြားထဲမှ ထွက်သွားကာ ရင်ကြီးကော့သွား၏။ မောင်ဖြူလွန်သည် စက်ရုပ်၏ရင်ဘတ်ကို ဘုကြီးဖြင့်ထုထည့်လိုက်၏။

"ဂျုံး . . ဂရုံး . . ဂွမ်"

သံစုံမြည်သွားကာ စက်ရုပ်ကြီးသည် တစ်စစီပြန့်ကျဲကာ ပုံကျသွားလေ၏။

ဘေးနားက စက်ရုပ်များသည် လက်ကားရား ခြေကားရားနှင့် ချဉ်း ကပ်လာကြ၏။ မောင်ဖြူလွန်ကား လာသမျှစက်ရုပ်တွေကို မောင်းထုသည့်ဘုကြီးနှင့်ဆီး၍ နှက်လေတော့ရာ စက်ရုပ်များမှာ လက်တွေပြုတ်၊ ခြေတွေပြုတ်၊ ခေါင်းတွေပြုတ်နှင့် ပုံကျကုန်လေရာ သံတိုသံစတွေ စုပုံထားသလို ဖြစ်နေ၏။

ရှင်ဘုရင်လုပ်နေသော ဦးညစ်ပတ်၏နေရာကိုကြည့်လိုက်၏။ ဦးညစ်ပတ်ရော ကလေးရော မရှိတော့ချေ။ သူတို့သည် ရှုံးနိမ့်မှန်းသိ၍ ထွက်ပြေးတိမ်းရှောင်သွားကြလေပြီ။

mgyoe.com

mgyoe.com


မြို့ထဲတွင်လည်း စက်ရုပ်တွေတိုက်ပွဲကြီးဖြစ်နေကြသည်။

ဦးပညာပြောသည်မှာ မှန်ကန်လှပါသည်။ သူ့စက်ရုပ်များသည် တိုက်ခိုက်ရာတွင် သာလွန်လှသည်။ ခေါင်းဖြင့်ပြေးဝင်၍ ဝှေ့သော ရန်သူ့စက်ရုပ်ကို အသာကလေးပင် လက်တစ်ဖက်ဖြင့် ဇက်ကို ဆီးဖျစ်လိုက်ရာ ရန်သူစက်ရုပ်၏ဦးခေါင်းသည် ပြုတ်ထွက်သွား လေတော့၏။

ဦးပညာ၏နောက်ထပ်စက်ရုပ်တစ်ရုပ်ကား ပြေးဝင်လာသော ရန်သူ စက်ရုပ်၏ခြေဖျားကိုဆီး၍ နင်းထားလိုက်၏။ ထို့နောက် လက်ဝါးဖြင့် ရန်သူ၏မေးဖျားကို ရိုက်ထည့်လိုက်ရာ ရန်သူမှာ နောက်သို့လန်သွား၏။ သို့သော် ခြေဖျားကို နင်းထားသဖြင့် ပက်လက်လန်မကျဘဲ ကော့လန်လန်ကြီးဖြစ်နေတော့သည်။ ဦးပညာ၏ စက်ရုပ်က ခြေကိုဖယ်လိုက်မှ ဘုံးခနဲကျကာ တစ်စစီ ပြုတ်ထွက် ကုန်တော့သည်။

အခြားစက်ရုပ်တစ်ရုပ်၏ တိုက်ကွက်ကား တစ်မျိုးတစ်ဖုံ ဖြစ် ၏။ ပြေးဝင်လာသော ရန်သူစက်ရုပ်၏ဝမ်းဗိုက်ကို လက်ခေါက်ဖြင့် ဆီး၍ရိုက်၏။ ရန်သူသည် ခါးကြီးလည်သွားလေရာ မျက်နှာမှာ နောက်ဘက်သို့ ရောက်သွား၏။ ထို့ကြောင့် တစ်ပတ်လှည့်ကြည့်ပြီး ပြေးလာသည်။ သို့သော် သူ့ခြေထောက်တွေမှာ နောက်ပြန်ဖြစ်နေ သဖြင့် နောက်ဘက်ဆီသို့သာ အရှိန်ပြင်းစွာ ထွက်သွားလေရာ ဦးပညာ၏ အခြားစက်ရုပ်တစ်ခု၏ကျောကို ပြေးရိုက်မိသည်။ ထိုစက်ရုပ်က လှည့်၍ပင်မကြည့် ဖင်ဖြင့်ပေါက်ထည့်လိုက်ရာ ရှေ့ သို့ လွင့်အလာတွင် စောစောက စက်ရုပ်က ဒူးကို မြှောက်၍ခံ ပေးလိုက်သောကြောင့် ဦးညစ်ပတ်၏စက်ရုပ်မှာပြုတ်ပျက်ထွက်ပြီး

mgyoe.com

mgyoe.com



ပုံကျသွားတော့သည်။

မကြာမီပင် မြို့ကြီးတစ်မြို့လုံးမှာ သံတိုသံစတွေ စုပုံထားသလို ဖြစ် နေလေသည်။

ရန်သူတွေ ကင်းရှင်းသွားပြီဖြစ်သောကြောင့် မောင်ဖြူလွန်သည် သူ့ဘက်ကစက်ရုပ်တွေကို ဦးဆောင်ပြန်ခေါ်ကာ နွားရုပ်ကလေးကိုစီး၍ စက္ကောမဆရာကြီး ဦးပညာဆီသို့ ပြန်လာခဲ့လေတော့သည်။

ဦးပညာသည် ကျေနပ်ရွှင်လန်းစွာ ကြိုဆို၏။

"ငါ့မြေး . . လောကကြီးကို လူယုတ်မာလက်က ကယ်တင်လိုက်ပြီမို့ ကုသိုလ်တွေသိပ်ရသွားပြီ၊ ဝမ်းမသာဘူးလားဟင်"

"ကျွန်တော့်ကြောင့် လူအများချမ်းသာတာကို သိရလို့ သိပ်ဝမ်းသာပါတယ်အဘိုးရယ်"

"အေး . . သာဓု၊ သာဓု၊ သာဓု၊ ကဲ . . ငါ့မြေးလည်း ပင်ပန်းသွားပြီ၊ ရော့ . . သည်ရေကိုချိုးလိုက်၊ လူသားပကတိ သဏ္ဌာန် ပြန်ဖြစ်သွားမယ်"

မောင်ဖြူလွန်သည် ဦးပညာညွှန်ပြသော စဉ့်အိုးထဲမှ ရေကိုချိုးပြီးသော် မူလပုံသဏ္ဌာန်အတိုင်းပြန်ဖြစ်၍လာ၏။ ဦးပညာက ဆုလာဘ်အဖြစ် ရွှေခဲငွေခဲမြောက်မြားစွာပေးပြီး ကျောက်နွားရုပ်ကလေးဖြင့် လိုက်ပို့ပေးသည်။ အသက်ဆယ့်ခြောက်နှစ်ရောက်လျှင် စက္ကောမအတတ်ကို သင်ပေးမည်ဟူ၍လည်း ကတိပေးလိုက်သည်။

မောင်ဖြူလွန် ရွာသို့ပြန်ရောက်သည်တွင် ကျောက်နွားရုပ်ကလေးသည် နှုတ်ဆက်၍ကောင်းကင်သို့ ပြန်ထွက်သွားသည်။

mgyoe.com

mgyoe.com


ထိုနေ့မှစ၍ ရွာထိပ်တွင် ကျောက်နွားရုပ်ကလေးကို မတွေ့ရတော့ပါ။ မောင်ဖြူလွှန်သည်လည်း ဆယ့်ခြောက်နှစ်မပြည့်သေးသဖြင့် ဦးပညာထံမှ အတတ်ကို မသင်ယူရသေးပါ။

သို့ရာတွင် ရွာကလူများက သူ့ကို 'စကြောမ မောင်ဖြူလွှန်' ဟုခေါ်၍ ဂုဏ်ပြုနေကြပေတော့သည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဝိဝိလုံး

ငြိမ်းချမ်းရွာကလေးတွင် မြေပိုင်ရှင်သူဌေးကြီးဦးတုတ်ပွ အမည်ရှိ သော လူကြီးတစ်ယောက်ရှိသည်။ ဤလူကြီးသည် ယနေ့ အလွန်မကျေ မနပ်ဖြစ်နေသည်။

စကားတစ်ခွန်းပြောလျှင် လေထဲတွင် လက်သီးကြီးတယမ်း ယမ်းနှင့် လုပ်လိုက်နှင့် ပြုလုပ်နေရာ အဝေးက သူ့အသံကိုမကြားဘဲ သူ့အမူအရာကိုသာ မြင်ရလျှင် လေထဲကဖြုတ်ကောင်တွေကို လက်သီးနှင့်ထိုးနေသလို ထင်မှတ်ရ၏။

ဦးတုတ်ပွ၏သမီး ခင်လှပုံသည် ဖခင်၏ရှေ့တွင် ပုဆစ်တုပ်၍ ထိုင်နေ၏။ ဦးတုတ်ပွသည် ကွပ်ပျစ်စောင်းတွင် ခြေတွဲလောင်းချ၍ ထိုင်နေသည်။

"ဟဲ့. . ငါက သင့်တော်တယ်ထင်လို့ ပြောနေတာ၊ နင်က ဘာဖြစ်လို့ ငြင်းချင်ရတာလဲ၊ နင်ပဲ စဉ်းစားကြည့်စမ်း"

"ဘာကိုစဉ်းစားရမှာလဲ အဖေ"

"ဟိုဟာလေ. . အဲ. . နေပါဦး၊ နင် ဘာကိုစဉ်းစားရမလဲဆိုတာ ငါ စဉ်းစားကြည့်ဦးမယ်၊ နေပါဦး. . ဘာပါလိမ့်၊ အဲ. . ဟော

mgyoe.com

mgyoe.com



ပျောက်သွားပြီ၊ တယ်လေ ငါဒေါသဖြစ်လာပြီ၊ နင့်ကို ငါ စောစော
က ဘာတွေပြောနေသလဲ"

"စကားတွေပြောနေတာပေါ့ အဖရဲ့"

"ဟယ် . . စကားတွေပြောနေတာတော့ ငါလည်းသိတာပေါ့၊
ပါးစပ်က အသံတွေထွက်နေတာ စကားတွေမပြောရင် တခြားဘာ
ဖြစ်နိုင်သလဲ"

"တေးချင်းဆိုတာ ဖြစ်နိုင်တာပေါ့"

"တော်စမ်းပါ၊ တေးချင်းကို ဟောင်ဖွာဟောင်ဖွာနဲ့ ဆိုတာ
နင်ဘယ် မှာကြားဖူးသလဲ၊ အဲ . . နင့်ကိုငါ စကားပြောနေတယ်၊
အဲ . . သတိရပြီ၊ နင့်ကို နေရာချထားမယ်လို့"

"မဟုတ်ပါဘူး၊ ယောက်ျားပေးစားမယ်လို့ ပြောနေတာပါ"

"တယ် . . ဒီကောင်မလေး၊ ငါ ဖနောင့်နဲ့ထပေါက်လိုက်ရ၊
ယောက်ျား ပေးစားမှာနဲ့ နေရာချထားမှာ အတူတူပဲလဟဲ့"

"ဒါဖြင့် အိမ်ထောင်ပြုပေးမယ်ဆိုတာကော"

"အတူတူပဲ"

"ထိမ်းမြားပေးမယ်ဆိုရင်ကော"

"ဟေ့-အတူတူပဲ၊ ဒါတွေ လျှောက်ရှည်မနေနဲ့၊ ငါနင့်ကို နေရာ
ချထားပေးမယ်ကြံနေတာ၊ ငါတို့ရွာထဲက ပိုးကုန်သည်ကလေး
မောင်ဘာထင်ဟာ သိပ်တော်တယ်"

"ဘာတော်တာလဲအဖ၊ ထန်းရည်သောက်ပြိုင်တာမှာ တော်တာ
လား"

"ဟယ် . . ယောက်ျားပဲ၊ နည်းနည်းပါးပါးတော့ သောက်မှာပေါ့"

"ကြက်ဝိုင်းမှာလည်း မကြာခဏတွေ့ရတာပဲ"

mgyoe.com

mgyoe.com


"ယောက်ျားပဲ၊ ဒါလောက်တော့ရှိမှာပေါ့"

"မိဘတွေမသေခင်က မိဘတွေကို တော်တော်နှိပ်စက်ခဲ့တယ်လို့ ကြားတယ်"

"ယောက်ျားပဲကွယ်၊ တစ်ခါတစ်ခါတော့ဆိုးမှာပေါ့"

"သူ ခပ်ငယ်ငယ်က သူ့အမိထဘီကြီးကို အထက်ဆင်ဖြုတ်ဝတ်သွားတယ်တဲ့"

ဟယ်. . နင်လျှာမရှည်နဲ့။ အခု သူ့မိဘတွေ မရှိတော့ဘူး၊ သူ့မိဘ တွေရဲ့ အမွေအားလုံး သူရထားတယ်၊ ဒါကြောင့် ငါက နင့်ကို သူနဲ့ပေးစားမလို့"

"ကျွန်မကတော့ မပေးစားချင်ပါဘူး"

"ဟင်. . . ဘယ့်နှယ်၊ နင်က နင့်ကိုယ်နင် ပေးစားလို့မရဘူး၊ သားသမီးကို ပေးစားတာ မိဘတို့ဝတ္တရားဟဲ့၊ ဒါကြောင့် ငါက နင့်ကို မောင်ဘထင်နဲ့ ပေးစားမယ်"

ခင်လှပုံသည် စိတ်ညစ်သွားသဖြင့် ငိုတော့သည်။ ဦးတုတ်ပွသည် သူ့စကားကို သမီးက အလွယ်တကူနားထောင်မည်ဟု ထင်ထားရာ ယခုကဲ့သို့ ထိုင်ငိုသောအခါတွင် အံ့အားသင့်သွားတော့၏။

"ဟင်. . နင်က ဘာဖြစ်လို့ ငိုရတာလဲ"

"ဝမ်းနည်းလို့ပေါ့ အဘရဲ့"

"ဝမ်းနည်းလို့ငိုတယ်ဆိုတော့ နင်မပြောလဲ ငါသိတာပဲ၊ အခု ငါမေး တာက မောင်ဘထင်လိုသူဌေးပေါက်စကလေးကို နင်က မယူချင်တာ ဘာဖြစ်လို့လဲလို့ မေးတာ"

"မကြိုက်လို့ပေါ့ အဘရဲ့"

mgyoe.com

mgyoe.com



"နင်က ဘယ်သူ့ကိုကြိုက်နေလို့လဲ"

ခင်လှပုံသည် ခဏတော့တွေသွား၏။ ထို့နောက် စိတ်ကိုပိုင်းဖြတ်လိုက်ကာ ချက်ချင်းပင် ပြန်ဖြေလိုက်တော့သည်။

"ကျွန်မက ကိုပင်ချစ်နဲ့ မေတ္တာရှိနေကြပါတယ်"

"ဟယ်" ဟုဆိုကာ ဦးတုတ်ပွသည် သူ့နဖူးကိုသူ ရိုက်နေမိတော့သည်။

"အဘ. . ဘာဖြစ်သလဲ၊ နဖူးကိုခြင်တွေ ဝိုင်းကိုက်ကြသလား"

"မဟုတ်ဘူးဟေ့၊ ငါသေချင်လို့ဟ"

"သေချင်ရင် လက်ဖဝါးကလေးနဲ့ ရိုက်လို့ သေပါ့မလား၊ ရဲဒင်းနဲ့ ထုမှပေါ့"

"ကဲ. . ခုချက်ချင်း ပင်ချစ်ကို သွားခေါ်ချေစမ်း၊ အခု သွားခေါ်"

"အဘက ပေးစားတော့မလို့လား"

"ဘယ်က ဟုတ်ရမှာလဲ၊ သည်ကောင် ဘယ်လောက် အဖိုးတန်တယ် ဆိုတာ ငါစစ်မေးကြည့်မယ်၊ ငါ့သမီး တော်လှပြီ ချီးမွမ်းလို့ ယောက်မ မြင်းစီးထွက်တယ်ပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး"

"ဟဲ့. . စကား ဥပမာပြောတာဟဲ့၊ စကားမရှည်နဲ့၊ အခုသွားခေါ်ချေ၊ ပင်ချစ်တော့ သေဖို့သာပြင်ပေတော့"

ခင်လှပုံသည် ကပျာကယာပင် မောင်ပင်ချစ်ရှိရာသို့ အသော့ကလေး ထွက်လာရတော့သည်။

မောင်ပင်ချစ်သည် လယ်ထွန်နေ၏။ သူသည် ဆင်းရဲသည်။ မုဆိုး မကြီး ဒေါ်ဖြူ၏သားဖြစ်၏။ သူဌေးကြီးဦးတုတ်ပွ၏ လယ်တွင်

mgyoe.com

mgyoe.com


အခစား လုပ်ကိုင်နေရသူဖြစ်၏။ ဦးတုတ်ပွ၏သမီး ခင်လှပုံက သူ့ကိုမေတ္တာရှိနေသည်။ ထိုအကြောင်းကို သူက ရိပ်မိပါ၏။ သူက လည်း ခင်လှပုံကို မေတ္တာရှိပါသည်။ သို့ရာတွင် အခစားဆင်းရဲ သားနှင့် သူဌေးသမီးတို့မှာ အလှမ်းကွာလှသဖြင့် သူသည် ခင်လှ ပုံကို မေတ္တာရှိကြောင်းဖွင့်ပြောဖို့ရန် စိတ်ကူးထဲတွင်ပင် မထည့်ဝံ့ ပါ။

မောင်ပင်ချစ်သည် သစ်ပင်များကို ချစ်တတ်သူဖြစ်၏။ ထို့ကြောင့်ပင် သူ့ကို မောင်ပင်ချစ်ဟု နာမည်ခေါ်ထားခြင်းဖြစ် သည်။ သစ်ပင်များ ညှိုးနွမ်းနေလျှင် သူစိတ်မကောင်းဖြစ်တတ် သည်။ အားလပ်သော အချိန်များတွင် နီးရာသစ်ပင်မှ သစ်ရွက် ကလေးများကိုလည်းကောင်း၊ ပင်စည်ကိုလည်းကောင်း ယုယုယယ ပွတ်သပ်နေတတ်သည်။

ခင်လှပုံသည် သူ့အနားသို့ ပျာယီးပျာယာ ချဉ်းကပ်လာ၏။

"ကိုပင်ချစ် . . အဖေခေါ်နေတယ်"

"ဘာကိစ္စပါလိမ့်"

"ရှင်နဲ့ကျွန်မနဲ့ မေတ္တာရှိနေတယ်ဆိုလို့"

"ဟောဗျ-ဘယ်သူက ကြားဝင်နှောင့်ယှက်ပြန်ပါလိမ့်။ ကျုပ်ကို ဒုက္ခ ရောက်အောင် သက်သက်လုပ်တာ ဘယ်သူများလဲမသိဘူး"

"ကျွန်မလေ"

"ဟင် . . ခင်လှပုံက ဘာဖြစ်လို့ ကျုပ်ကို ဒုက္ခရောက်အောင် လုပ်ရ တာလဲ"

"ဒုက္ခရောက်အောင်လုပ်တာမဟုတ်ပါဘူး၊ အဖက ကျွန်မကို ရှင်နဲ့လက်ထပ်ပေးစားမယ်ဆိုလို့"

mgyoe.com

mgyoe.com



"ဗျာ. . အဖက ခင်လှပုံကို ကျွန်တော်နဲ့ပေးစားမယ်တဲ့လား"

"ပေးလိုက်တာရှင်၊ ကိုဘထင်နဲ့ပေးစားမလို့တဲ့"

"ကောင်းသားပဲ ယူလိုက်ပါလား"

"ဘာကောင်းရမှာလဲ၊ ကိုဘထင်က ဘာတော်လို့လဲ"

"ဘယ်သူနဲ့လဲ. . သူ့အဖေနဲ့ဆိုရင် သားအဖတော်မှာပေါ့၊ သူ့ဘကြီးနဲ့ ဆိုရင်တော့ တူဝရီးပေါ့"

"ဟုတ်ကဲ့. . သူ့နှမယောက်ျားနဲ့ဆိုရင်တော့ သမီးယောက်ဖပေါ့။ သည်လိုတော်တာတော့ ရှင်ပြောမှလား၊ လူတိုင်းသိတာပဲ၊ သူ့မှာ အရည် အချင်းအားဖြင့် တော်တာမရှိဖူးလို့ ပြောတာ"

"အောင်မာ. . ခင်လှပုံက မသိဘဲနဲ့မပြောနဲ့၊ ဝါးသုံးရိုက်လောက်မှာ စိုက်ထူထားတဲ့ ဝါးလုံးတိုင်ကို မြေစိုင်ခဲနဲ့ပစ်တာ ဆယ်လှည့်ပစ်ရင် ဆယ်လှည့်စလုံး ထိတယ်ဗျ"

"အဲဒါ ဘယ်နေရာမှာ သွားသုံးရမှာလဲ"

"တိုင်တွေကို ခဲနဲ့ပစ်တဲ့နေရာမှာ သုံးရမှာပေါ့"

"တော်စမ်းပါကိုပင်ချစ်ရယ်၊ ကျွန်မ ငိုလိုက်မိမယ်"

"တိုင်တွေကို ခဲနဲ့ပစ်ရင် ခင်လှပုံက ငိုချင်လာတတ်သလား"

"တော်ပါတော့ဆို၊ အခုလိုက်ခဲ့ပါ. . အဘက ကျွန်မကို ကိုဘထင်နဲ့ ပေးစားမယ်ဆိုတော့ ကျွန်မက ချစ်သူရှိပြီးသားလို့ လုပ်ကြံပြောလိုက်ရတယ်။ ကျွန်မရဲ့ချစ်သူက ရှင်ပဲလို့ ပြောလိုက်ရတာပဲ။ ကျွန်မကမှ ကိုဘထင်ကို မလိုချင်တာ"

"ဒုက္ခဘာပဲဗျာ၊ ကျုပ်မှာနေရင်းထိုင်ရင်း အကုသိုလ်ဝင်တာပဲ"

"ရှင်က ကျွန်မကို မေတ္တာမရှိလို့လား"

"ဟာ. . သည်လိုမထင်ပါနဲ့၊ ကျုပ်က ခင်လှပုံကိုချစ်ပါတယ်၊

mgyoe.com

mgyoe.com


ဒါပေ မယ့်. . "

"ဒါပေမယ့်တွေ ဘာတွေလုပ်မနေနဲ့၊ ကျွန်မကိုချစ်ရင် အခုလိုက်ခဲ့၊ ကျွန်မနဲ့ပတ်သက်တဲ့ဒုက္ခတွေကို ရှင်ခံနိုင်ရမယ်"

"ကျုပ် ဒုက္ခအရောက်ခံလို့ ခင်လှပုံအကျိုးရှိရင်တော့ ဟုတ်တာပေါ့၊ ခင်လှပုံမှာက ဘာအကျိုးမှမဖြစ်ဖူးဆိုရင် ကျုပ်ဒုက္ခရောက်တာ အဖတ် တင်မှာပေါ့"

"အခု လိုက်ခဲ့ဆိုမလိုက်ဘူးလား"

မောင်ပင်ချစ်သည် ခပ်ကုပ်ကုပ်ကလေးပင် လိုက်ပါလာခဲ့ရသည်။ သူသည် ဦးတုတ်ပွကိုလည်း ကြောက်ပါသည်။ ဦးတုတ်ပွ၏ သမီး ခင်လှပုံကိုလည်း ကြောက်ပါသည်။ ဦးတုတ်ပွကိုတော့ ရွံ့ကြောက်ကြီးဖြစ်၏။ ခင်လှပုံကိုတော့ ချစ်ကြောက်ကြီးဖြစ်သည်။

နှစ်ယောက်သားသည် ဦးတုတ်ပွ၏ရှေ့တွင် ကုပ်ကုပ်ကလေး ထိုင်ကြသည်။

"အော. . မင်းကိုး"

"ဟုတ်ပါတယ်. . . ကျွန်တော်ပါ"

"ငါ့ကို နောက်နေတာလား"

"မဟုတ်ပါဘူးခင်ဗျာ၊ ဦးကမေးလို့ ဖြေတာပါ"

"မင်းက ငါ့သမီးနဲ့ မေတ္တာရှိနေတယ်ဆို. . "

"အဲသည်လို ပြောနေကြတာပဲ"

"ဘာကွ"

"ဟုတ်ကဲ့"

"ဘယ်လိုလဲကွ၊ မင်းစကားက ဘယ့်နှာလဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ဦးနဲ့ မေတ္တာရှိနေကြပါတယ်။

mgyoe.com

mgyoe.com


ဟာ. . မှားလို့ပါ။ ကျွန်တော်နဲ့ ခင်တုတ်ပွနဲ့ဟာ ဟုတ်သေးပါဘူး၊ ကျွန်တော်နဲ့ ခင်လှပုံနဲ့ မေတ္တာရှိနေကြပါတယ်။

"တော်သလား. . မတော်ဖူးလားဆိုတာ မင်းမစဉ်းစားဘူးလား"

"ဖိနပ်ဝယ်တုန်းကလား ခင်ဗျာ၊ စဉ်းစားရုံမကဘူး၊ စီးတောင်ကြည့်သေးတယ်"

"ဟိတ်. . အရူး၊ မင်းနဲ့ စကားပြောရတာ ငါ့အချိန်ကုန်လှတယ်၊ မင်းမှာ ပစ္စည်းရှိလို့လား"

"ရှိပါတယ်"

"ဘာတွေရှိသလဲ"

"ဓားမတိုတစ်ချောင်းရှိတယ်၊ အသွားတော့ပဲ့နေတာပေါ့ခင်ဗျာ၊ ပြီးတော့ အဘလက်ထက်က ကွေ့ပန်းအိုးကြီးတစ်လုံး. . နှုတ်ခမ်းတော့ ပဲ့နေတာပေါ့။ ပြီးတော့ လှည်းဘီးကတစ်ဖက်ရှိတယ်။

"ဘီးကန့်တွေပြုတ်ထွက်နေတယ်ဆိုပါတော့၊ ဂွဲ. . စကားမရှည်နဲ့၊ မင်းဟာ ငါ့သမီးနဲ့မတန်ဘူး၊ ဒါပေမယ့် ငါ့သမီးကိုယ်၌က မေတ္တာရှိနေတယ်ဆိုတော့ ငါချက်ချင်းတော့ မခွဲချင်သေးဘူး"

"သပ်ရိုက်ထားမလား"

"ဘာကိုပြောတာလဲ"

"ပိန္နဲသီးကိုပြောတာပါ"

"မင်းဟာ ဆင်းရဲရုံမကသေးဘူး၊ စိတ်ကူးပုံကလည်း အဟုတ်မဟုတ်ဘဲကိုး။ မင်းကို အခုဝါတွင်းသုံးလ အချိန်ပေးမယ်၊ ရွှေငွေပစ္စည်းများကို မောင်ဘထင်ထက်သာအောင် ရှာဖွေရမယ်၊ ဝါကျွတ်လို့ မင်းမှာ မောင်ဘထင်ထက်သာအောင် ရွှေငွေပစ္စည်း မချမ်းသာ

mgyoe.com

mgyoe.com


ဘူးဆိုရင် ငါ့သမီးကို မင်းမရဘူးမှတ်”

“ကိုဘထင်မှာရှိတာက သူ့မိဘပစ္စည်းတွေပဲ၊ သူရှာတာမှ မဟုတ်တာ”

“ဘာပဲဖြစ်ဖြစ် လက်ရှိမှာသူပိုင်ဆိုင်နေတာပဲ၊ ကဲ. . . သွားတော့”

မောင်ပင်ချစ်သည် ထွက်လာခဲ့၏။ လူသည် ရိုးရိုးအေးအေးနေချင်သူဖြစ်သည်။ လောဘရမက်ကြီးသူမဟုတ်ပါ။ မိန်းမတစ်ယောက်ရဖို့ ပစ္စည်းရှာရခြင်းကိုလည်း လိုလားလှသည်မဟုတ်ပါ။ သို့သော် သူသည် ခင်လှပုံကို မေတ္တာရှိပါသည်။ ပစ္စည်းမမက်တတ်သော ခင်လှပုံကလေး စိတ်ချမ်းသာမှုကို ဖြစ်စေချင်ပါသည်။

ထို့ကြောင့် မိခင်ဒေါ်ဖြူကို ဖွင့်ဟပြောကြား၍ ပစ္စည်းရှာရန် ခရီးထွက်ခွင့်တောင်းသည်။ မိခင်က သဘောတူ၏။ အိမ်ထောင်ပြုတော့မည်ဆိုလျှင် သူတစ်ပါးထံ လက်ဖြန့်မတောင်းရဘဲ ကိုယ့်ဝင်ငွေနှင့် ကိုယ့်စည်းစိမ်ချမ်းသာနှင့်ဖြစ်စေချင်သည်။ ထို့ကြောင့် ခရီးထွက်မည့် သားအတွက် ရိက္ခာထုတ်ကလေး၊ အဝတ်ထုပ် ကလေးစီမံပေး၏။

‘တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားပုံရှိတယ်သားရဲ့၊ မင်း သည်မှာနေသရွေ့တော့ ဦးတုတ်ပွရဲ့အခစားပဲဖြစ်နေမှာပဲ၊ ခရီးထွက်ပြီး စီးပွားရှာတာ ကောင်းပါတယ်။ ရေပြောင်းမြေပြောင်း အစားအသောက် အနေအထိုင် ဂရုစိုက်ပါသားရယ်၊ အမေ. . ပျားရည်တစ်ပုလင်းထည့် ပေးလိုက်တယ်။ ထမင်းစားပြီးရင် နည်းနည်းလျက်ပေးနော်. . ”

မိခင်ကို ကန်တော့ခဲ့ပြီးနောက် မောင်ပင်ချစ်သည် ခရီးထွက်ခဲ့

mgyoe.com

mgyoe.com


၏။ တောတွေ တောင်တွေကို ဖြတ်ကျော်ခဲ့သည်။ တွေ့သမျှသစ်ပင်တွေကို ယုယခဲ့သည်။ နှုတ်ဆက်ခဲ့သည်။ သစ်ပင်များဟာ သူ့ကို စကားပြန်မပြောသော်လည်း အရွက်ကလေးများလန်းဆန်း၍ လေတွင်လှုပ်ပြသည်မှာ သူ့ကိုပြန်၍နှုတ်ဆက်ဆုတောင်းသလို သူထင်မိပါ၏။

တွင်းတွေကိုလည်း ဖြတ်ကျော်ရပါသည်။ ချောင်းငယ်မြောင်းငယ် ကလေးတွေကိုလည်း ဖြတ်ကျော်ခဲ့ရပါသည်။ စီးပွားဖြစ်နိုင်လောက်သည့် လုပ်ငန်းကို မတွေ့ခဲ့ရချေ။

တစ်နေ့သ၌ ရွာကြီးတစ်ရွာသို့ ရောက်ခဲ့သည်။ ထိုရွာကြီး၏ မြောက်ဘက်တွင် တောင်ကြီးတစ်လုံးရှိ၏။ တောင်ဘက်တွင် တောအုပ်ကြီးရှိသည်။ ရွာဝတွင် ရွာသားတစ်ယောက်နှင့် တွေ့၍ မောင်ပင့်ချစ်က နှုတ်ဆက်သည်။

"နောင်ကြီး. . သည်ရွာကလား"

"ဟုတ်ပါတယ်. . "

"သည်ရွာနာမည်က ဘာခေါ်ပါသလဲ"

"သည်ရွာနာမည်က ညတလန့်လန့်ရွာလို့ ခေါ်တယ်"

"ဗျာ. . ဘယ်နှယ်နာမည်ပါလိမ့်"

"အေးကွ. . . အစကတော့ တို့ရွာနာမည်က စိမ့်စမ်းရွာလို့ ခေါ်ပါတယ်ကွာ၊ ခုတလော ညညကျရင် တထိတ်ထိတ် တလန့်လန့် ဖြစ်ဖြစ်နေရလို့ ညတလန့်လန့်ရွာလို့ခေါ်ကြတော့တာပဲ"

"ညကျရင် ဘာတွေကို လန့်နေကြရတာလဲ"

"ဘာမှန်းတော့မသိပါဘူး၊ လန့်တော့ လန့်ကြရတာပဲ၊ သန်းခေါင်ယံလောက်ကျရင် ဝီဝီ. . ဝီဝီနဲ့လာတော့တာပဲကွ. . "

mgyoe.com

mgyoe.com


"ဘာက လာတာလဲ"

"မသိပါဘူးကွာ၊ ဝီဝီ. . ဝီဝီနဲ့မြည်ပြီး ကောင်းကင်ကနေ ရွာကို ဖြတ်သွားတယ်။ တောင်ကြီးဆီက လာတာပဲကွ. . တောအုပ်လောက်ကျရင် အသံပျောက်သွားရေ. . အရုဏ်တက်ခါနီးကျရင် ဝီဝီ ဝီဝီနဲ့ပြန်ဖြတ်ပြန် ရော. . တောအုပ်ကနေ တောင်ဆီ ပြန်သွားတာပဲ. . ကောင်းကင်ကို မော့ ကြည့်တော့လည်း ဘာမှမတွေ့ရဘူး"

မောင်ပင်ချစ်လည်း အကြောင်းသိရအောင် ထိုရွာတွင် တစ်ညအိပ်ကြည့်၏။ ညနေကလူ ပြောစကားမှန်၏။ သန်းခေါင်ယံတွင် တဝီဝီသံ သည် ပေါ်ထွက်လာပြီး မိုးပေါ်ကနေ ရွာကိုဖြတ်ကျော်၏။ တစ်ဖန် အာရုံတက်ခါနီးတွင် တဝီဝီနှင့်ပြန်ဖြန်ပြန်၏။ ရွာသားတွေမှာ နေ့ဘက်တွင် အလုပ်လုပ်ကြရကာ ညဘက်တွင် အထိတ်တလန့်နှင့်နေကြရသဖြင့် ပိန် ချုံးကုန်ကြသည်။ စိတ်ဒုက္ခရောက်ကြရသည်။

နောက်နေ့တွင် မောင်ပင်ချစ်သည် စုံစမ်းရန် တောင်ဆီသို့သွား၏။ တောင်ပေါ်တွင် ထူးဆန်းစွာ သစ်ပင်ကြီးတစ်ပင်သာရှိသည်။ မောင်ပင် ချစ်လည်း သစ်ပင်ရင်းတွင်ထိုင်၍ ထမင်းစားသည်။ ထို့နောက် ရေသောက်သောအခါတွင် သစ်ပင်ရင်းကို ရေလောင်းပေးပြီး သစ်ပင်ကို ယုယုယယနှင့် ပွတ်သပ်ပေး၏။

"အောင်မာ. . မင်းက တော်တယ်၊ သစ်ပင်တွေကိုချစ်တတ်တယ်. . လူတော်တော်များများဟာ မကောင်းကြဘူးကွ၊ သစ်ပင်မြင်ရင်လည်း မချစ်တတ်ဘဲ သစ်ပင်ရင်းမှာ ရှူရှူပေါက်တယ်၊ အီအီးပါတယ်၊ တော်တော်စော်ကားတယ်ကွ၊ အရိပ်လဲခိုသေးတယ်၊ ညစ်ပတ်နေအောင်လည်း လုပ်ခဲ့ကြတယ်"

mgyoe.com

mgyoe.com


သစ်ပင်ကြီးက စကားပြောသည်။

"ဟင်. . သစ်ပင်ကစကားပြောတာ ကျွန်တော်တစ်ခါမှ မတွေ့ဖူးဘူး"

"လောကကြီးက အကျယ်သားကွ၊ မင်းမတွေ့ဖူး မကြုံဖူးတာတွေဟာ အများကြီးရှိတာပဲ၊ ဒါထက် ငါ့ဝမ်းဗိုက်က အခေါင်းထဲကိုနှိုက်ကြည့် မင်းကံထူးရင်ရမှာပဲ"

"ဟာ. . မလုပ်ပါနဲ့ဗျာ၊ တောက်တဲ့ကြီးနှိုက်မိလို့ ဒုက္ခရောက်နေပါဦးမယ်"

"ဒါဖြင့်လည်း နေလေ၊ မင်းကံပေါ့. . မင်းဟာ လူလိမ္မာလေးပါ၊ ဒါ ကြောင့် ထာဝစဉ် ကံကောင်းပါလိမ့်မယ်လေ"

သစ်ပင်ကြီးက စကားတိတ်သွား၏။ မောင်ပင်ချစ်လည်း သစ်ပင် ရင်းတွင် ပြန်ထိုင်ကာ ပျားရည်ကို ဖက်တွင်ထည့်ရင်း လက်ဖြင့်တို့လျက် ရန်ကြဲသည်။

ထိုခဏတွင် သစ်ပင်ခေါင်းထဲမှ ဝီဝီ ဝီဝီအသံကြီး ထွက်ပေါ်လာသည်။ မောင်ပင်ချစ်သည် ငေးမောကြည့်နေမိစဉ်ပင် သစ်ခေါင်းထဲမှ ကျောက်ဒိုးဂေါ်လီလုံးလောက် ရှိသော သံလုံးပြောင်ပြောင်လက်လက်ကလေးသည် ထွက်လာပြီး ပျားရည်ထဲတွင် လူးလှိမ့်နေ၏။ ကြည့်ရင်း ကြည့်ရင်းပင် ဖက်ပေါ်က ပျားရည်တွေ ကုန်ခမ်းသွားသည်။

"ဟယ်. . ပျားရည်တွေကုန်ပြီ"

"ကုန်မှာပေါ့ကွ၊ ငါ စားပစ်လိုက်တာကိုး"

"ခင်ဗျားက ဘာလဲ. ."

"ငါက ဝီဝီလုံးလေးကွ၊ ဝီဝီသံမြည်ပြီး လေထဲပျံသွားနိုင်တယ်၊

mgyoe.com

mgyoe.com


ငါက ပျားရည်တွေ သိပ်ကြိုက်တာ၊ ငါ့ကို ပျားရည်ချောင့်တိုက်မယ့်လူမရှိလို့ ညညကျရင် ဟိုကတောအုပ်ထဲက ပျားရည်တွေသွားသွားသောက်နေရတာ တယ်အိပ်ပျက်တာပဲ၊ အခုလည်း ပျားရည်နံ့ရလို့ ငါနိုးလာတာ"

"ကျွန်တော့်မှာပါတဲ့ပျားရည်ပုလင်းထဲမှာ ခင်ဗျားကိုစိမ်ထားပါ့မယ် ခင်ဗျာ၊ ကျွန်တော့်နဲ့အတူလိုက်ခဲ့ပေါ့ဗျာ၊ ပျားရည်ကိုကုန်တိုင်းဖြည့်ပေးပါ့မယ်"

"ကြိုက်ပြီဟေ့၊ ငါ သက်သာတာပေါ့၊ ငါ့ကိုခေါ်သွားရင်မင်းအကျိုးရှိမှာပါကွာ၊ ငါက ကိုယ့်ဆယ့်ခြောက်ပါးရောဂါတွေပျောက်အောင် ကုနိုင်တယ်၊ ရောဂါသည်တွေ့ရင် မင်းက ငါ့ကိုပြော၊ ငါက မင်းတစ်ယောက်တည်း ကြားနိုင်အောင် ပြန်ပြောမယ်၊ ငါပြောသလို မင်းလိုက်လုပ်ရင် ရောဂါပျောက်မှာပဲ မကောင်းဘူးလား"

"ကောင်းပါပေ့ဗျာ"

မောင်ပင်ချစ်သည် ဝီဝီလုံးလေးကို ပျားရည်ပုလင်းထဲထည့်ကာပြန် ရန်ထ၍ သစ်ပင်ကြီးကို နှုတ်ဆက်လေ၏။

"ကဲ. . သစ်ပင်ကြီး ခင်ဗျားရဲ့အရိပ်ခိုရတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သွားလိုက်ပါဦးမယ်"

"အေး. ကောင်းပြီ လူလိမ္မာဟာ ထာဝစဉ်ကံကောင်းမှာပါလို့ငါပြောသားပဲ"

ညတလန့်လန့်ရွာကလေးသို့ ပြန်လာခဲ့သည်။ ထိုညတွင် ရွာသားတို့ တဝီဝီသံမကြားရတော့ချေ။ နောက်နေ့တွင် ရွာသားများ မောင်ပင်ချစ်ဆီသို့ ဝိုင်းလာကြ၏။

mgyoe.com

mgyoe.com



"ခင်ဗျားဘာလုပ်လိုက်တယ်လို့ မသိပါဘူး၊ ဝီဝီသံတော့ ပျောက်သွားပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ ဘယ်လို ကျေးဇူးဆပ်ရမလဲ"

"အိုးကလေးတစ်လုံးနဲ့ ပျားရည်သာပေးကြပါဗျ"

ရွာသားများက ဝမ်းသာစွာပင် ပျားရည်တစ်အိုးပေးသည်။ မောင်ပင်ချစ်လည်း ရွာကထွက်လာပြီး တောစပ်ရောက်သော် ဝီဝီလုံးကို ပျားရည်အိုး ထဲထည့်လိုက်၏။

"ငါလဲ အလိုပြည့်ပြီ၊ မင်းအလိုလဲ ပြည့်ရမှာပေါ့ကွာ၊ ငါ့ကို မင်းပါးစပ်ထဲမှာ ငုံလိုက်စမ်း၊ ဘုရင့်နေပြည်တော်သွားမယ်၊ ဟိုမှာ ရောဂါသည်တွေ များတယ်ကွ"

ယခုအခါတွင် စိမ့်စမ်းရွာဟု ပြန်ဖြစ်သွားသောရွာကလေးမှ ထွက်ခဲ့ကြလေပြီ၊ မောင်ပင်ချစ်သည် ဝီဝီလုံးကိုငုံလိုက်သည်နှင့်တစ် ပြိုင်နက် ကောင်းကင်မှ တရိပ်ရိပ်ပျံသွား၏။ ကိုယ်ထဲမှာတော့ ဝီဝီ ဝီဝီတော့ မြည်သည်။

မကြာမီ ဘုရင့်နေပြည်တော်အပြင်စပ်သို့ ရောက်လာကြ၏။ မြေပေါ်သို့ ဆင်းသက်ကြပြီး ဝီဝီလုံးသည် ပျားရည်အိုးထဲပြန်ဝင် သွားသည်။ မောင်ပင်ချစ်လည်း မြို့ထဲဝင်သွား၏။ မြို့ထဲရောက်၍မှ မကြာသေးမီ မောင်ပင်ချစ်သည် မိန်းမကြီးတစ်ယောက်နှင့် ဆုံရ သည်။ မိန်းမကြီးက နေပြည်တော်မှ သူဌေးကြီးကတော် ဖြစ်သည်။

"မောင်ရင်က ကျေးတောသားထင်တယ်"

"ဟုတ်ပါတယ်"

"နေပြည်တော်ကို ဘာလုပ်ဖို့ လာတာလဲ"

"ကျွန်တော် ဆေးကုတတ်ပါတယ်၊ ပျောက်ခဲတဲ့ရောဂါတွေကို

mgyoe.com

mgyoe.com


ကုတတ်ပါတယ်"

'အတော်ပဲမောင်ရင်ရေ့ အဒေါ်ခင်ပွန်းက သူဌေးကြီးကွဲ့"

"သူဌေးကြီးဆို ငွေမက်မှာပေါ့"

"ဒါပေမယ့် ရောဂါပျောက်ရင်တော့ မင်းဆေးကုသခ ကောင်းကောင်း ရပါစေ့မယ်၊ လိပ်ပေးမယ်ကွဲ့"

"ဘာတွေကို လိပ်ပေးမှာလဲ ဖျာတွေကိုလား၊ ကျွန်တော် မသယ်နိုင်ပါဘူး"

"ဘယ်က ဟုတ်ရမှာလဲကွဲ့၊ထွာဆိုင်ကျော်ကျော်လောက် အဝန်းဝိုင်း ရှိတဲ့ရွှေသားအစစ်နဲ့လုပ်ထားတဲ့ လိပ်ရုပ်ကြီးပေးမှာ"

"သူဌေးကြီးက ဘာဖြစ်နေလို့လဲ"

"သတိမေ့တဲ့ရောဂါဖြစ်နေတယ်။ ဘယ်သူ့ကိုမှ မမှတ်မိဘူး၊ ဆရာတွေလည်း ကုတာစုံနေပါပြီ။ မပျောက်ဘူး။ အဲဒါ မောင်ရင်ပျောက်အောင် ကုသနိုင်ရင် လိုက်ခဲ့ပေတော့"

ဤသို့ဖြင့် မောင်ပင်ချစ်သည် သူဌေးကြီးထံသို့ ရောက်လာရတော့သည်။ ဘာလုပ်ရမှန်းမသိ၍ ပျားရည်အိုးထဲက ဝီဝီလုံးကို တိုးတိုးမေးရသည်။

"လွယ်ပါတယ်ဗျာ၊ သူ့နဖူးပေါ်မှာ ငါ့ကိုတင်ပြီး မင့်လက်ဝါးလေးနဲ့ ဖိလှိမ့်ပေး။ စိတ်ထဲကနေ တစ်ကနေ ငါးဆယ့်လေးပြည့်အောင်ရေ . ငါ့ ဆယ့်လေးပြည့်ရင် ငါ့ကို ပျားရည်အိုးထဲ ပြန်ထည့်လိုက်၊ သူကောင်းသွားလိမ့်မယ်"

မောင်ပင်ချစ်သည် ဝီဝီလုံးပြောသလို လုပ်တော့သည်။ ဝီဝီလုံးသည် ပျားရည်အိုးထဲသို့ ပြန်ရောက်သွားသည်နှင့် သူဌေးကြီးသည်ရောဂါပျောက်ကင်းသွား၏။

mgyoe.com

mgyoe.com


"ဟာ. . ငါသတိရပြီဟော့၊ လွန်ခဲ့တဲ့သုံးနှစ်နဲ့နှစ်လက ခြေရင်းအိမ်က မိမည်း ငါ့ဆီ ငါးကျပ်ချေးသွားတာ ပြန်မဆပ်သေးပါကလား"

မိမည်းလည်း မနေသာတော့သဖြင့် ပြန်ပေးဆပ်ရသည်။

"အောင်မယ်. . သူဌေးကတော်ကြီး ဘာငြိမ်နေတာလဲ၊ လွန်ခဲ့တဲ့ ခုနစ်နှစ်နဲ့ဆယ်ရက်က မယ်မင်းထဘီဝယ်ချင်တယ်ဆိုလို့ ငါငွေထုပ်ပေး လိုက်တာ ပိုက်ဆံငါးမူး ပြန်မအမ်းသေးပါလား"

သူဌေးကတော်ကြီးလည်း မနေသာတော့ပဲ ပိုက်ဆံငါးမူးထုတ်ပေးရသည်။ သို့ရာတွင် မောင်ပုင်ချစ်ကမူ ရွှေလိပ်ရုပ်ကြီးကို ရလိုက်ပေ၏။

သူဌေးကြီးသည် ဝမ်းသာအားရရှိလှသဖြင့် မောင်ပင်ချစ်ကို ဘုရင့်နန်းတော်သို့ခေါ်သွား၏။ နန်းတော်ထဲရောက်သည်နှင့်တစ်ပြိုင်နက် နံရံများတွင် စာတွေပြည့်နေသည်ကို မောင်ပင်ချစ်တွေ့ရ၏။

စားတော်ခေါ်ဖို့ အချိန်ရောက်ရပြီ။

ဆေးသောက်ရမည်။

အနှိပ်ခံတော့မလား။

ရေချိုးချင်ပြီလား။

ဘယ်နေရာကို ခြင်ကိုက်သွားတာလဲ။

မုတ်ဆိတ်မွေး ရိတ်တော့မလား။

စသည်ဖြင့် စာတွေပွနေသည်။ ဤတွင်မှ သူဌေးကြီးက ရှင်းပြ၏။

"ဘုရင်ကြီးမှာ နားလေးတဲ့ရောဂါစွဲကပ်နေတယ်။ ဘာပြောလို့

mgyoe.com

mgyoe.com


မှ မကြားဘူး။ ဒါကြောင့် သူ့ကိုပြောဖို့ စာတွေအဆင်သင့်ရေးထား ရတယ်။ ပြီးတော့ သူ့ကို လက်ထောက်ပြရတာပေါ့"

ခဏကြာသောအခါ ဘုရင်ကြီးထွက်လာ၏။ သူဌေးကြီးသည် ကပျာကယာ ထုံးခဲနှင့် နံရံတွင် စာရေးပြရသည်။

"သည်သူငယ်က ဘုရင်ကြီးရဲ့နားလေးတဲ့ရောဂါကို ပျောက်ကင်းအောင်ကုသပေးပါလိမ့်မည်ဘုရား"

ဘုရင်ကြီးသည် စာကြောင်းဆုံးအောင် လိုက်ဖတ်နေရသဖြင့် တော်တော်ဝေးဝေးရောက်သွားသည်။ ပြီးမှန်ပြန်၍ လျှောက်လာရသည်။

"ကဲ. . ကုစေ"

ဘုရင်ကြီးထံမှ အမိန့်ရပြီဖြစ်၍ မောင်ပင်ချစ်သည် ကုသရန် ပြင်ဆင်တော့၏။

"ကျွန်တော် ဘာလုပ်ရမလဲ ဝီဝီလုံးခင်ဗျာ"

"သူ့နားနှစ်ပေါက်ကို တစ်လှည့်စီ ငါနဲ့ဆို့ပေး၊ တစ်ဖက် တစ်ဖက်ကို တစ်ကနေ ခြောက်ဆယ့်လေးအထိ ရေတွက်လို့ကြာ အောင် ဆို့ထားပေး"

"ငါးဆယ့်လေးမဟုတ်ဘူးလား"

"မရဘူးကွ၊ သူက နည်းနည်းကြာမှဖြစ်မယ်"

မောင်ပင်ချစ်သည် ဝီဝီလုံးပြောသည့်အတိုင်း ပြုလုပ်သည်။ ဘုရင်ကြီး၏နားများမှာ အကောင်းပကတိဖြစ်သွားတော့၏။

"ဟော့. . စားဖိုချောင်ထဲက စားတော်ကဲ ဘာဖြစ်လို့တေး ချင်တွေဆို နေရတာလဲကွ၊ နားညည်းတယ်"

ဝေးကွာလှသောမီးဖိုချောင်ထဲတွင် ဟင်းလျာများ စီမံနေရာက

mgyoe.com

mgyoe.com


တစ်ကိုယ်တည်းတေးညည်းမိသော စားတော်ကဲကြီးမှာ ကုပ်သွား ရတော့သည်။

ဘုရင်နှင့်ဝေးကွာသောအခန်းဝတွင် ရပ်နေသော အပျိုတော် တစ်ယောက်က "ဟယ်. . ဘုရင်ကြီးနားကောင်းသွားတော့လဲ မတရားကောင်းနေပါလား၊ ဒုက္ခပါပဲတော်" ဟု တီးတိုးညည်း မိသည်။

"ဟဲ့ ဟိုကောင်မက ငါ့အတင်းပြောချင်သလား၊ သေသွားမယ်" အပျိုတော်ကလေး ကုပ်သွားရပြန်သည်။

မည်သို့ပင်ဖြစ်စေ မောင်ပင်ချစ်ကတော့ ဆေးကုသခအဖြစ် လက်သီးဆုပ်လောက်ရှိသော ပတ္တမြားကြီးတစ်လုံးကို ရလိုက်ပါ၏။

ဘုရင်ကြီးက ခေါ်သွားသဖြင့် မောင်ပင်ချစ်သည် ဆရာရသေ့ ထံ ရောက်ရပြန်သည်။ ဆရာရသေ့မှာ အားနည်းပြီး အိပ်ရာထဲတွင် လဲနေ၏။ မောင်ပင်ချစ်သည် ဝိဝိလုံး၏ညွှန်ကြားချက်ဖြင့် ရေစိမ် တိုက်လိုက်သောအခါတွင် ဆရာရသေ့သည် ငေါက်ခနဲ ထထိုင်၏။

ထို့နောက် ခြေရင်းနံရံနားတွင် ထောင်ထားသောဆန်အိတ်မှာ နေရာမကျဆိုကာ လက်တစ်ဖက်တည်းနှင့် ဆွဲမပြီးနေရာရွှေ့သည်။ ဆရာရသေ့အားသစ်ကောင်းသွားသည်ကို မြင်သောအခါတွင် ဘုရင်ကြီးလည်း စိတ်ပျော်ရသည်။ ဆရာရသေ့သည် မောင်ပင် ချစ်ကိုပြော၏။

"ငါကတော့ ရသေ့ဆိုတော့ ဆေးဖိုးဝါးခက ထည်ထည်ဝါဝါ မပေးနိုင်ဘူး။ ရော့-ငါ့ကြိမ်လုံးယူသွား။ သည်ကြိမ်လုံးနဲ့ ကျောင်း သားတွေကို ငါရိုက် ရိုက်နေရလို့ အားပြတ်တဲ့ရောဂါစွဲတာ၊ ဒါမရှိရင် ငါနောက်ကို ရောဂါဖြစ်မှာမဟုတ်ဘူး၊ ဆေးဖိုးဝါးခ နည်းတယ်

mgyoe.com

mgyoe.com


လို့တော့ သဘောမထားပါနဲ့၊ မောင်ရင်ရာ”

“မှန်လှပါ. . . မေတ္တာနဲ့ပေးရင် တန်ဖိုးရှိတာချည်းပဲလို့ သဘောထားပါတယ်”

မောင်ပင်ချစ်လည်း ကြိမ်လုံးကို အမြတ်တနိုးပင် ယူလာခဲ့သည်။ နေပြည်တော်တွင် အခြားသောရောဂါသည်များကို ကုသပေးရသဖြင့် ငွေကြေးများစွာပင် ရသည်။ ပျားရည်တစ်အိုး အသစ်ထပ်ဝယ်ပြီးနောက် ဝီဝီလုံးကို ငုံကာ မောင်ပင်ချစ်သည် ငြိမ်းချမ်းရွာသို့ ပြန်လာခဲ့၏။

သီတင်းဝါလကျွတ်ပြီဖြစ်သဖြင့် ခင်လှပုံသည် လည်တိုင်ကြိုးလုမတတ် မျှော်နေရှာသည်။ ဦးတုတ်ပွသည် သမီးအရိပ်အကဲကို ကြည့်ရင်း ကျေနပ်သလို ပုံနှင့် ပြုံးဖြဲဖြဲကြီး ပြော၏။

“နင့်အကောင်ကို နင်က အထင်ကြီးလှပါတယ်။ ဘာမှအဖြစ်မရှိလို့ ငါ့ဆီမှာ အခစားလာလုပ်နေရတာ၊ သည်ကောင်မျိုးက ရွှေမပြောနဲ့၊ ငွေတောင်ငါးကျပ်သားပြည့်အောင် ရှာနိုင်မှာမဟုတ်ပါဘူး”

“စောင့်သေးတာပေါ့ အဖေရယ်၊ သူက စိတ်ကောင်းရှိတယ်။ မိဘကို ရိုသေတယ်၊ ကျေးဇူးမကန်းတတ်ဘူး၊ သည်တော့ သူတော်ကောင်းကို နတ်ကောင်းစောင်မမှာပါ”

“အခုလောက်ဆို နတ်ဆိုးစောင်မလို့ စန့်နေပြီလားမှ မသိတာ၊ ဘာပဲဖြစ်ဖြစ်လေ သီတင်းကျွတ်လပြည့်ကျော်ပြီးလို့မှ ပြန်မလာရင် နင် မောင်ဘထင်ကို ယူရမယ်၊ ဒါပဲ”

သူက အားပါးတရပြောလိုက်ချိန်တွင် မောင်ပင်ချစ်သည် ရွာပြင်တွင် မြေပေါ်သို့ ဆင်းသက်လာခဲ့ပြီဖြစ်ပေ၏။ သူသည်

mgyoe.com

mgyoe.com



ရွာတွင်းသို့ ခပ်ကြွားကြွားပင်ဝင်ရောက်လာသည်။ ဝိဝိလုံးကိုကား ပျားရည်အိုးထဲတွင်ပင် သိမ်းထား၏။

ရွာသားတွေက ဝိုင်းမေးသဖြင့် မောင်ပင်ချစ်သည် ဝိဝိလုံး၏ အကူအညီဖြင့် ငွေကြေးများရှာဖွေ၍ ရခဲ့ကြောင်းကို ပြောပြသည်။ မကြာမီပင် မောင်ပင်ချစ်ပြန်ရောက်လာကြောင်း သတင်းစကားကို ဦးတုတ်ပွကြား၏။ မောင်ပင်ချစ်ကိုရော မောင်ဘထင်ကိုပါ ရှေ့မှောက်သို့ခေါ်သည်။ သမီးဖြစ်သူ ခင်လှပုံနှင့်ရွာသားအချို့ပါ လာရောက်၍ ကြည့်ရှုနေကြ၏။

"ကဲ. . မင်းတို့နှစ်ယောက်နဲ့ ငါ့သမီးနဲ့ ဘယ်သူထိုက်တယ်ဆိုတာ ငါကြည့်မယ်၊ မောင်ဘထင်က ငါ့သမီးကို ဘယ်ပစ္စည်းတင်ပြီး တောင်းမလဲ"

မောင်ဘထင်က ပြုံးရွှင်စွာ ပြန်၍ဖြေကြားသည်။

သူထုတ်ပြသော ပစ္စည်းမှာ လက်မလက်သည်းခွံလောက်ရှိသော ပတ္တမြားဖြစ်၏။ ထိုအခါတွင် မောင်ပင်ချစ်က လက်သီးဆုပ်လောက်ရှိသော ပတ္တမြားကြီးကိုထုတ်၍ ချထားလိုက်ရာ လူတွေ အံ့သြကုန်ကြရတော့သည်။ သူတို့သည် ဤမျှကြီး၍ ဤမျှတန်ဖိုးရှိလှသည့် ကျောက်မျက်ရတနာကို မမြင်ဖူးကြသောကြောင့်ပင် ဖြစ်၏။

ခင်လှပုံကလေးသည် ဝမ်းသာလှသဖြင့် စွေ့စွေ့ခုန်လုမတတ်ဖြစ်နေသည်။ ဦးတုတ်ပွသည် မောင်လှထင်ဘက်သို့ လှည့်၍ 'ကဲ. . မင်းက နောက်ထပ် ဘာလုပ်နိုင်သေးသလဲ'ဟု အားပေးသလို မေး၏။ မောင်ပင်ချစ်မလိုက်နိုင်တာတစ်ခုခု လုပ်ပြစေချင်ခြင်းပင်ဖြစ်သည်။

mgyoe.com

mgyoe.com


ထိုအခါ မောင်ဘထင်သည် 'နောက်ထပ်တော့ ကျွန်တော်ဒါပဲ လုပ်ပြတော့မယ်'ဟုဆိုကာ မတ်တပ်ထ၍ မောင်ပင်ချစ်ကို လက်သီးဖြင့် ထိုးလေတော့သည်။ မောင်ပင်ချစ်သည် ပုဆိုးထုပ်ထဲက ကြိမ်လုံးကိုထုတ်ကာ ကြမ်းပေါ် ချထားလိုက်သည်။ ကြိမ်လုံးသည် ကြမ်းပြင်ပေါ်သို့ရောက်သည် နှင့်တစ်ပြိုင်နက် သူ့ဘာသာသူ ခုန်ပျံကာ မောင်ဘထင်၏ ကျောပြင်ကို တရွှမ်းရွှမ်းနှင့် ရိုက်လေတော့သည်။

"ဟယ်. . နို့ဘယ်နှာလဲ၊ သေတော့မှာပဲ. . ဘယ်လိုကြိမ်လုံးလဲဟ၊ အလကားလိုက်ရိုက်နေတော့တာကိုး၊ သေတော့မှာပဲ"

မောင်ဘထင်သည် တစာစာအော်ဟစ်၍ ထွက်ပြေးလေတော့၏။ သူ ဝေးသွားမှ ကြိမ်လုံးကလေးသည် ပြန်လည်ရောက်ရှိလာပြီး ကြမ်းပြင်ပေါ်သို့ ဖုတ်ခနဲကျနေတော့သည်။ မောင်ပင်ချစ်သည် ကြိမ်လုံးကလေးကို ပြန်၍သိမ်းထားလိုက်လေ၏။

ဦးတုတ်ပွကား သူ့စကားအတိုင်းပင် သမီးဖြစ်သူ ခင်လှပုံကို မောင်ပင်ချစ်နှင့်ပင် ထိမ်းမြားရတော့သည်။ လက်ထပ်ပွဲကျင်းပသည့်နေ့တွင် လူအားလုံးလိုလိုပင် အိမ်ရှေ့မဏ္ဍပ်ထဲရောက်နေကြ၏။ ထိုအခါတွင် မောင်ဘထင်သည် အိမ်ခန်းတွင်းသို့ တိတ်တဆိတ်ဝင်သည်။ အခန်းထဲတွင် ပျားရည်အိုးထဲ ဝီဝီလုံးကလေးကို တွေ့၏။

"ဒါကြောင့် ပင်ချစ်ဟာ ကောင်းစားနေတာပဲ၊ ငါ့အကြောင်းသိရော ပေါ့ကွာ"

ပြောပြောဆိုဆိုနှင့်ပင် မောင်ဘထင်သည် ဝီဝီလုံးကိုကောက်၍ မျို ချလိုက်သည်။ ထို့နောက် သူသည် အိမ်ရှေ့မဏ္ဍပ်ထဲသို့သွား၍

mgyoe.com

mgyoe.com


ဟန်မပျက် ထိုင်နေတော့၏။

မင်္ဂလာပွဲသည် အချိန်ကြာမြင့်စွာ ကျင်းပနေလေရာ မောင်ဘထင်၏ ဝမ်းဗိုက်အတွင်းက ဝိဝိလုံးသည် ဆာလောင်၍ အိပ်ရာက နိုးလာ၏။ ပျားရည်နံ့ခံကြည့်သည်။ အိမ်တွင်းက ပျားရည်အိုးထဲတွင် ပျားရန်ကုန်ခမ်းနေသဖြင့် အနံ့မရချေ။ သို့ရာတွင် ခြောက်အိမ်ကျော်က ဒေါ်စာဥသည် ဘေးအိမ်က ပျားရည်တောင်းသဖြင့် စဥ့်အိုးထဲက ပျားရည်ခွက်ကို ပြောင်းထည့်နေ၏။ ဝိဝိလုံးက အနံ့ရသွားသည်။

အားလုံးထိုင်နေကြစဥ်ပင် မောင်ဘထင်သည် လေထဲသို့ကြွတက်သွား၏။ ဝိဝိနှင့်လည်း မြည်လာသည်။ လူတွေကြည့်နေခိုက်မှာပင် လူတစ်ရပ်ခန့်အမြင့်တွင် မောင်ဘထင်သည် မှောက်လျက်ကြီးတံစူးထိုးပျံသန်းသွားလေ၏။ မောင်ဘထင်ပင် မျက်လုံးပြူးနေရသည်။ မဏ္ဍပ်တိုင်ကြီးသည် သူ့ဆီသို့ပြေးလာနေသည်ဟုထင်ရ၏။ နီးခါမှ ပွတ်သီကာလွတ်သွား ပြီး လမ်းမပေါ်တွင် မှောက်ထိုးကြီးပျံသန်းသွားသည်။

အကြော်သည်ကြီး ရွက်လာသောဗန်းကို ခေါင်းနှင့်ဝင်တိုးသွား၏။ အကြော်သည်ကြီးသည် အလန့်တကြား လှည့်ကြည့်မိ၏။

"ဟယ်. . ဘယ်သူများ မောင်ဘထင်ကို လောက်လွှဲနဲ့ထည့်ပစ်လိုက်တယ်မသိပါဘူး"

ပြောပြောဆိုဆိုပင် အဒေါ်ကြီးသည် မှောက်သွားသောမုန့်အကြော် များအတွက် အလျော်တောင်းရန် သူ့နောက်က ပြေးလိုက်သွား၏။ ဒေါ် စာဥသည် အခန်းရှေ့က တံခါးကိုပိတ်ကာ ဘေးပေါက်မှထွက်၏။ ထိုခဏတွင်ပင် မောင်ဘထင်သည် အခန်း

mgyoe.com

mgyoe.com



တံခါးကို မှောက်ထိုးကြီး ပစ်ဆောင့် ကာ ကြမ်းပြင်ပေါ်သို့ကျ၍ သတိလစ်နေ၏။ ဝီဝီလုံးသည် သူ့ပါးစပ်တွင်း မှတစ်ဆင့် အပြင်သို့ ထွက်ကာ ဒေါ်စာဥ၏ပျားရည်များကို သွားသောက်နေသည်။

မောင်ဘထင်သတိရ၍ အကြော်သည်ကြီးကို လျော်ကြေးပေး လိုက်ရသောအခါတွင် လက်ထပ်ပွဲသည် ပြီးဆုံးသွားလေပြီ။ မောင်ပင်ချစ်သည် ကပျာကယာ ပျားရည်အိုးထဲသို့ ပျားရည်တွေ ထပ်ဖြည့်လေသောအခါတွင်ကား ဝီဝီလုံးသည် ခပ်တည်တည် ပြန်ရောက်နေကာ အိပ်စက်နေပြီဖြစ်တော့၏။

❑

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

## စာများချစ်သူ မောင်ဇမ္ဗူ

ရွာပြင်က ကွင်းထဲတွင် လူ၏အရပ်ဆယ်ဆလောက်မြင့်သော မျောက်ရုပ်ကြီးရှိသောကြောင့် မျောက်ကြီးရွာဟုခေါ်တွင်၏။ မျောက်ရုပ်ကြီး၏ ပုံသဏ္ဌာန်မှာ မြေကြီးပေါ်တွင် ဖင်ချထိုင်နေပြီး ဒူးနှစ်ချောင်းကို ထောင်ထားသည်။ ဒူးများပေါ်တွင် တံတောင်နှစ်ဘက်ထောက်၍ လက်သီးများဆုပ်ထားသော ပုံသဏ္ဌာန်ဖြစ်သည့် ကျောက်ရုပ်ကြီးဖြစ်၏။

ရွာတည်ပြီးမှ ရွာသားတွေက ထုခဲ့သလား။ သို့မဟုတ် ဤအရုပ်ကြီးရှိနေပြီးမှ ရွာကို တည်ခဲ့ကြသလားဆိုသည်ကို မည်သူမှ မပြောတတ်ကြပါ။ အရုပ်ကြီးနှင့် ဤရွာမှာအလွန်ကြာမြင့်လှပြီဖြစ်သောကြောင့်တည်း။

များမကြာမီက အထူးအဆန်းဖြစ်ခဲ့သည်။

မျောက်ကြီးရွာကို အစဉ်အဆက်ပင် သက်ကြီးရွယ်အို သူကြီးအဆက်ဆက်က အုပ်ချုပ်ခဲ့၏။ လွန်ခဲ့သော တစ်နှစ်လောက်ကမှ အထူးအဆန်းဖြစ်ခဲ့သည်။ မျောက်ကြီးရွာသို့ ခရီးသွားဧည့်သည် တစ်ယောက်ရောက်လာပြီးနှစ်ရက်ခန့်အကြာတွင်ဖြစ်၏။



mgyoe.com

mgyoe.com



နေဝင်ခါစ ညဦးတစ်ခုတွင် မျောက်ရုပ်ကြီး၏ မျက်စိများ လင်းလာကာ ခဏအကြာတွင် အလင်းရောင်ထွက်ပေါ်လာသည်။ ရွာသားများသည် ကွင်းပြင်ထဲသို့ စုရုံးရောက်ရှိလာကာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ကြည့်နေကြစဉ် မျောက်ရုပ်ကြီးမှာ အသံထွက်ပေါ်လာသည်။

"ဟဲ့ ရွာသားတွေ၊ သေကုန်ချင်ကြလား၊ ငါ့ကို ဘာကြောင့် ရှိမခိုးကြတာလဲ"

မျောက်ရုပ်ကြီးက ထိုသို့ ပြောလိုက်သည်တွင် ရွာသားများသည် အလွန်ပင်ထိတ်လန့်သွားကြကာ မြေကြီးပေါ်တွင် ထိုင်၍ ပျာ့ပျာသလဲရှိခိုးဝတ်ပြုကုန်၏။

"မင်းတို့ ရွာဟာ ခုနစ်ရက်ကြာရင် ကပ်မိုးကြီး ရွာချပြီး ရေအောက်ကို နစ်မြုပ်သွားလိမ့်မယ်ဆိုတာ ငါသတိပေးတာ"

မျောက်ရုပ်ကြီးက ဤသို့ဆိုလေလျှင် ရွာသားများသည် လွန်စွာကြောက်ရွံ့စိုးရိမ်သွားကြ၏။ မျောက်ကြီးရွာမှ ရွာသားများသည် အလွန်ပင် ရိုးသားသူများဖြစ်ကြ၏။ ထို့ပြင် သူတို့သည် သူတို့ရွာကို သိပ်ချစ်ကြသည်။ ထို့ကြောင့်ပင် သူတို့ရွာတွင် ပစ္စည်းမျိုးစုံထွက်အောင်လုပ်ကိုင်ကြပြီး သူတို့ရွာနှင့် သူတို့ပင် ဘာသိဘာသာနေကြသည်။ အခြားရွာများသို့လည်း မသွားကြချေ။ အခြားရွာက ဧည့်သည်များလာလျှင်တော့ လက်ခံကြပါ၏။ သို့သော် သူတို့ချည်းနေတတ်ကြသော ရွာဖြစ်၍ အခြားရွာက ဧည့်သည်များကလည်း သိပ်မလာကြပါ၊ လာစရာ အကြောင်းကိစ္စလည်း မရှိကြပါ။

ယခု မျောက်ရုပ်ကြီးက ဤရွာသည် ရေနစ်မြုပ်၍ ပျက်စီးတော့မည်ဟု ဆိုသောအခါတွင် သူတို့ကြောက်ရွံ့စိုးရိမ်ကြရသည်။

mgyoe.com


ဤရွာကိုစွန့်၍ အခြားတွင်သွားမနေချင်ကြပါ၊ ဤရွာတွင် ဆက်နေလျှင်လည်း သေကြရတော့မည်။ ထို့ကြောင့် ကြောက်ရွံ့စိုးရိမ်ကြခြင်းဖြစ်၏။

ရွာကို အုပ်ချုပ်သော သူကြီးက အရဲစွန့်၍ ပြန်မေးသည်။

"အဲဒီ ကပ်မိုးကြီး ရွာတဲ့ကိန်းက လွဲချင်ရင် ဘာလုပ်ကြရမလဲ ခင်ဗျာ၊ တဆိတ်အမိန့်ရှိတော်မူပါ"

"အဟမ်း . . အဟမ်း . . "

ဤတွင် ရွာသားတစ်ယောက်က ပြော၏။

"ဟယ် . . အရေးထဲ မျောက်ကြီးက သလိပ်ကပ်နေတယ်ကွ"

"မဟုတ်ဘူး ကပ်က ကျော်ချင်ရင် ငါတို့က ချောင်းဟန့်ကြရမယ်လို့ ပြောတာထင်တယ်။ ကဲ ချောင်းဟန့်ကြရမယ်လို့ ပြောတာထင်တယ်။ ကဲ ချောင်းဟန့်ကြ၊ ချောင်းဟန့်ကြ၊ အဟမ်း အဟမ်း"

ရွာသားများဝိုင်း၍ လိုက်လုပ်ကြရာ အဟမ်း အဟမ်း အသံတွေဆူညံစွာထွက်ပေါ်လာလေတော့သည်။ ထိုအခါ မျောက်ကြီးထံမှ ဒေါသသံသည် ထွက်ပေါ်လာ၏။

"ဟိတ် . . ဒါက ဘာဖြစ်တာလဲကွ"

"သလိပ်ကပ်ကြတာပါ"

ရွာသားတစ်ယောက်က စွန့်၍ ဖြေကြားသည်။

"သေချင်လို့လား"

"မဟုတ်ပါဘူး၊ သလိပ်ထွက်စေချင်လို့ပါ"

"တိတ်စမ်း၊ နင်တို့ ဒါလောက် အ,လို့ န,လို့ ရေမြုပ်သေကုန်မှာဖြစ်တာပဲ"

ထိုအခါ သူကြီးက လက်အုပ်ကလေးချီ၍ ပြောသည်။

mgyoe.com

mgyoe.com


"သည်းခံတော်မူပါ မျောက်မင်းကြီး ခင်ဗျား၊ ကျွန်တော်တို့ ကပ်မိုးကြီးဘေးက ကင်းလွတ်အောင် ဘာလုပ်ရမလဲဆိုတာ ချောင်းမဟန့်ဘဲ အမိန့်ရှိတော်မူပါ"

"မကြာခင်ကရောက်လာတဲ့ ဧည့်သည်မောင်ဘရှုပ်ကို ရွာကို အုပ်ချုပ်နေစေရမယ်"

"ဟယ်"

ရွာသားများ အံ့အားသင့်ကုန်ကြ၏။

သို့သော် သူတို့သည် ရိုးသား၍ ကြောက်လန့်တတ်သူများ ဖြစ်ကြသဖြင့် သူကြီးလုပ်သူက ကိုယ်တိုင်ဖယ်ရှားပေးပြီး ဦးဘရှုပ်ဆိုသူ ဧည့်သည်ကို သူကြီးလုပ်စေပါတော့သည်။ ဦးဘရှုပ် သူကြီးဖြစ်၍ တစ်ရက်လောက်အကြာတွင်ပင် တပည့်နှစ်ယောက်ဆိုသော လက်ကောက်နှင့် ခြေလိမ်တို့ရောက်လာကြ၏။

လက်ကောက်ဆိုသူမှာ လက်ကလေးတစ်ဘက်မှာ လက်ကောက်ဝတ်က ကောက်နေ၏။ ခြေလိမ်ဆိုသူမှာ ခြေထောက်တစ်ဘက်သည် ခြေကျင်းဝတ်က လိမ်ဖယ်ဖယ်ဖြစ်နေသည်။ ထိုကြောင့် ထိုအမည်များတွင်ကြခြင်းဖြစ်၏။

မကြာမီပင် မျောက်ကြီးရွာသည် သူတို့သုံးယောက်၏ ခြယ်လှယ်ရာကို ခံနေကြရတော့၏။

မျောက်ကြီးရွာတွင် ထူးခြားသည်ကား အိမ်တိုင်း ဝင်းတိုင်း လိုလိုပင် ရတနာပင်များရှိ၍ နီလာ၊ ပတ္တမြား၊ ကျောက်စိမ်း၊ ပုလဲ၊ စိန် စသော ရတနာများသည် သံပုရာသီးလုံးလောက် သီးနေကြခြင်းဖြစ်၏။ သို့သော် ရွာသားများသည် အခြားရွာများနှင့် ဆက်ဆံမှုမရှိကြသဖြင့် ဤရတနာများကို အသုံးပြုစရာမလိုကြချေ၊ သိစ်

mgyoe.com

mgyoe.com


ပင်ပေါ်တွင်ပင် အလှထားကြ၏။ အခြားရွာက လူများတစ်ခါတရံ ရောက်လာလျှင်ကား အလွန်ခင်မင်သူဖြစ်လျှင် သူကြီး၏ ခွင့်ပြုချက်ဖြင့် တစ်ယောက်လျှင် လက်တစ်ဖက်တစ်လုံးခူးဆွတ်ယူသွားနိုင်၏။ သို့သော် ယခုဦးဘရှုပ်က သူကြီးဖြစ်လာသောအခါတွင် ဧည့်သည်ကို ရတနာခူးဆွတ်ခွင့် မပေးတော့ချေ။

တစ်ခုသော နံနက်တွင် ရွာပြင်ကွင်းလယ်တစ်နေရာက ရေတွင်းပျက်ကြီး နံဘေးတွင် လက်ကောက်နှင့် ခြေလိမ်တို့နှစ်ယောက်သား စကားပြောနေကြ၏။ ဤရွာကို ရောက်မှ သူတို့နှစ်ယောက်သည် နေ့ဘက်တွင် ဤရေတွင်းပျက် နားတွင်ပင်အချိန်ကုန်နေကြ၏။ တစ်ယောက်မရှိတစ်ယောက်ရှိသည်။ မကြာ မကြာပင် နှစ်ယောက်စလုံးရှိကြသည်။ သူတို့ဤနေရာတွင် ဘာကြောင့်ရှိရန်လိုခြင်းကို ရိုးသားသော ရွာသားများသည် မသိကြနိုင်ပါ။

"ဟေ့ . . လက်ကောက်ရဲ့ တို့ဆရာကြီးက သိပ်ပညာရှိတာကွ၊ ဒါကြောင့် သူ့အရိပ်ကို ခိုနေသရွေ့ တို့တော့ မငတ်တော့ဘူး"

"မှန်တာပေါ့ ခြေလိမ်ရယ်၊ ဒီမျောက်ရုပ်ကြီး ရှိနေကြောပြီ မဟုတ်လား၊ ဆရာကြီးရောက်မှ တို့တွေ ကျိတ်ပြီးလိုဏ်တူးကြရတာ၊ လိုဏ်တူးပြီးမှ ဆရာကြီး ဦးဘရှုပ်က ရွာထဲဝင်တည်းတာငါမှတ်မိသေးတယ်၊ ဟိုညကလေ မင်းနဲ့ ငါနဲ့ ဒီကဝင်ပြီး မျောက်ရုပ်ကြီးထဲကိုရောက် မင်းက အပေါ်က မျက်လုံးပေါ်မှာ မီးတုတ်ပြတယ်၊ ငါက အောက်ဆင့်က ပါးစပ်ပေါက်ကနေ အော်ပြောရတာလေ၊ ဟား ဟား မျောက်ကြီးရွာသားတွေဟာ လူအတွေပဲကွနော်"

"ဒါကြောင့်မို့လဲ တို့ဆရာကြီးသူကြီး ဖြစ်တာပေါ့ကွာ၊ ဒါပေမဲ့ ဆရာကြီးက ပြောတယ်၊ လူအတွေဆိုပေမဲ့ အထင်မသေးရဘူးတဲ့၊

mgyoe.com

mgyoe.com


အမြဲတမ်း သတိထားရမယ်တဲ့"

"အေးလေ ဒါကြောင့်လဲ တို့နှစ်ယောက်ဟာ ဒီရေတွင်းဟောင်းကို စောင့်ကြပ်နေရတာ မဟုတ်လား၊ ဒါက မျောက်ရုပ်ကြီးထဲ ရောက်တဲ့ လိုဏ်ဂူအပေါက်ဝကိုးကွ"

ထိုခဏတွင် ခြေလိမ်သည်လက်ကောက်၏ နားနားသို့ ကပ်၍ ပြော၏။

"ဒါထက် လက်ကောက်၊ မင်းကြားသေးသလား၊ တို့ဆရာကြီးက မိန်းမယူတော့မယ်တဲ့"

"ဘယ်သူနဲ့လဲ"

"ဒီရွာထဲက မိန်းမတွေကို တစ်ယောက်မှ မကြိုက်ဘူးတဲ့၊ ဟုတ်လည်းဟုတ်တာပဲ၊ ဒီရွာက မိန်းမတွေက ရွာနာမည်နဲ့လိုက်အောင် မျောက်မကြီးတွေနဲ့ပဲ တူနေကြတာကိုးကွ"

"ယောကျ်ားတွေလည်း မျောက်နဲ့တူကြတာပါပဲကွာ၊ တို့တောင်မှ ဒီမှာလာပြီး အနူတောက လူချောတွေ ဖြစ်နေကြတာ ဟားဟား"

"တို့ဆရာကြီးက တခြားရွာက မိန်းမတစ်ယောက်ယောက်ကို လိုချင်တယ်၊ ဒါကြောင့် ဒီရွာသား တစ်ယောက်ယောက်ကိုလွှတ်ပြီး ဧည့်သည်အရှာခိုင်းမယ်၊ တကယ်လို့ မိန်းကလေးချောချောပါလာရင် သူက ကောက်တော့မှာပေါ့"

"ဟ . . တခြားရွာက လူတွေက လာကြဦးမှကိုး"

"ကျောက်မျက်ရတနာနဲ့ မျှားရမှာပေါ့တဲ့၊ ဒီရွာမှာ မဟာကာပင်ဆိုတာ လုံးလုံးမရှိဘူးမဟုတ်လား၊ ဒီတော့ ရွာသားတစ်ယောက်ယောက်ကို မဟာကာနက်ကိုအရှာထွက်ခိုင်းမယ်တဲ့။ ပြီးတော့ လမ်း

mgyoe.com

mgyoe.com


ခရီးမှာသုံးဖို့ ပတ္တမြားလုံး၊ နီလာလုံး၊ စိန်လုံးတွေယူသွားခိုင်းမှာပေါ့လေ၊ ဒါကို မြင်ရင်လိုက်လာကြမှာပေါ့၊ ဒါနဲ့ပတ်သက်ပြီး ဒီနေ့ညမှာ ငါတို့ဒီမျောက်ရုပ်ကြီးထဲဝင်ပြီး အမိန့်ပေးရဦးမယ်တဲ့ကွ"

* * *

ငြိမ်းအေးချမ်းမြို့ကြီးနားက ငြိမ်းအေးချမ်းတောအုပ်ကြီးသည် ကျေးငှက်လည်း စုံလှ၏။ သစ်ပင် ဝါးပင်လည်း စုံလှ၏။ ဆေးပင်တွေလည်း ပေါလှသည်။

ထိုတောအုပ်သို့ မျောက်ကြီးရှာသား ဦးဘစောရောက်ရှိလာ၏။ တောကြီးမှာ ကြီး၍ ဆေးပင်ဝါးပင် စုံလင်မည်ကို ရိပ်မိပါသော်လည်း မျောက်မင်းကြီး ပြောသော မဟာကာပင်ဆိုသည်မှာ မြင်လည်းမမြင်ဘူး ကြားလည်းမကြားဘူးသဖြင့် အလွန်ပင် ခက်ခဲနေတော့၏။

ထိုခဏတွင် ငြိမ်းအေးချမ်းမြို့ထဲက ပန်းတိမ်ဆရာကြီး ဦးလိုချင်ကလည်း တောအုပ်ထဲသို့ ဆေးပင်လာရှာသည်ဖြစ်ရာ ဦးဘစောသည် ဝမ်းသာသွား၏။

"ဒီမှာ နောင်ကြီး"

"ဟုတ်ကဲ့ . . နောင်ကလေး"

"ကျွန်တော် တစ်ခုမေးပါရစေ"

"တစ်ခုမေးရင် တစ်ခုဖြေပေါ့မယ်"

"ဒီတောမှာ မဟာကာပင်ရှိပါသလား"

"ဟာ . . မာလကာပင်လား၊ မာလကာပင်က တောထဲတွင် မကဘူး၊ မြို့ထဲမှာလည်း ပေါပါသဗျာ"

mgyoe.com

mgyoe.com


"မာလကာ မဟုတ်ပါဘူးဗျ"

"ဩော် . . မင်းကွတ်ပင်လား"

"ဟာ . . ကျယ်ပြန့်ရှည်လံကုန်ပါပြီကော မဟာကာပင်ဗျ"

"မဟာကာပင်၊ သိတယ် သိတယ် အပင်ငယ်တွေပဲ၊ ဒါထက် ခင်ဗျားလိုချင်တာက ဘယ်လိုမဟာကာလဲဗျ၊ မဟာကာက အများကြီး"

"ကျွန်တော်လည်း မေ့နေတယ်"

"အဲ . . မဟာကာမေ့ဆိုတဲ့ အပင်တော့မရှိဘူးဗျို့"

"မဟုတ်ပါဘူးလေ၊ ခင်ဗျားသိတဲ့ မဟာကာမျိုးတွေကို ရွတ်ပြစမ်းပါ"

"ကောင်းပြီ . . ဘာတဲ့"

"မဟုတ်သေးဘူး"

"အသာနေစမ်းပါ၊ ဘာတဲ့ဆိုတာ အပင်နာမည်မဟုတ်သေးဘူး၊ ကဲ ရွတ်ပြီး မဟာကာထင်းဆွေး"

"မဟုတ်သေးပါဘူးဗျာ"

"မဟာကာ ကြက်ဆူ"

"ဝေးလိုက်လေ"

"မဟာကာ ကျွဲရေကျ"

"မဟုတ်ဘူး၊ ညှံ့လှချည်လားဗျ"

"ဘာလဲဗျ၊ ကျုပ်က ခင်ဗျားကို ကူညီဖို့ ရွတ်ပြနေတာ။ ခင်ဗျားက ဘာဖြစ်လို့ လူကို ရှုတ်ချရတာလဲ"

"မှားသွားလို့ပါဗျာ၊ ဆက်ရွတ်ပါဦး"

"မဟာကာ ခြည်ဝင်"

mgyoe.com

mgyoe.com


"မဟုတ်ပါဘူး"

"မဟာကာနက်"

"အဲ ဟုတ်ပြီ"

"ရှိသေးတယ်ဗျ၊ ဆက်ရွတ်ဦးမယ်"

"ဟုတ်ပါပြီဆိုနေမှ ဘာဖြစ်လို့ ဆက်ရွတ်ချင်နေရတာလဲ၊ အဲဒီ မဟာကာနက်ကို ကျွန်တော်လိုချင်တယ်၊ တဆိတ်ရှာပေးစမ်းပါ"

"ဘာကို လိုချင်တာလဲ၊ မဟာကာနက်ကိုလား၊ ဆိတ်လျှာကို လား"

"မဟာကာနက်ကို ရှာပေးပါလို့ ပြောတာပါ။ ဘယ်ကဆိတ်လျှာ တွေ နွားလျှာတွေ ပါလာရတာလဲ"

"ဟော .. ဟောဟိုဟာ မဟာကာနက်ပဲ"

"ဟာ .. ကျေးဇူးပါပဲဗျာ"

ဦးဘစောသည် အကိုင်းအခက်များကို ချိုးဖွဲ့၍ အသင့်ပါလာ သော အိတ်ထဲသို့ ထည့်သည်။ ထို့နောက် ဦးလိုချင်အား နီလာလုံး တစ်လုံး ထုတ်ပေး၏။

"ကျေးဇူးဆပ်တဲ့အနေနဲ့ ဒါလေးပေးပါရစေဗျာ။ လက်ခံပါ"

ဦးလိုချင်သည် ကျောက်မျက်ရတနာတန်ဖိုးကို သိသည်ဖြစ် သော‌ကြောင့် အံ့အားသင့်သွားလေ၏။ များများလိုချင်သော လောဘစိတ်သည်လည်း တားမရဆီးမနိုင် ပေါ်ပေါက်လာသည်။

"ဟာ . . . ဒါ ခင်ဗျားဘယ်ကရသလဲ"

"ကျုပ်တို့ရွာမှာ အပင်သီးနေတာဗျ၊ ပေါလွန်းလို့"

"ခင်ဗျားတို့ရွာကို ကျုပ်လာလည်ရင်ရသလား"

"ရတယ်၊ အပြန်ကျရင် လာလည်တဲ့ လူလက်တစ်ဖက်တစ်လုံး

mgyoe.com

mgyoe.com



နဲ့ နှစ်လုံးကျစီ ယူသွားနိုင်တယ်လို့ သူကြီးဦးဘရှုပ်က အမိန့်ပေးထားတယ်"

"အိတ်တွေ ခွက်တွေနဲ့ ထည့်ယူလို့ မရဘူးလား"

"ဒါတော့ မရဘူးဗျ၊ သူကြီးစကားကို နားမထောင်ရင်ရွာက နှင်းရိုက်သတ်မှာ"

"နီလာတွေပဲ သီးသလားဗျ"

"ဘယ်ဟုတ်ပါ့မလဲ စုံနေတာပေါ့။ ပတ္တမြား၊ ကြောင်၊ ဂေါ်မိတ်၊ ပုလဲ၊ စိန်အို၊ ကျောက်မျက်ရတနာအစုံပါပဲဗျာ"

"ကဲဗျာ၊ ဒါဖြင့် နောင်ကြီးအခု"

"စောစောက ခေါ်တော့ နောင်ကလေးဆို"

"ဟုတ်ကဲ့ . . နောင်ကလေး အခု ကျွန်တော့်အိမ်ကို လိုက်ပြီး တည်းပါ၊ နက်ဖြန်ကျရင် ကျွန်တော်တို့ တစ်အိမ်သားလုံး အလည်လိုက်ခဲ့ချင်လို့ပါ"

သို့ဖြစ်၍ မျောက်ကြီးရွာသား ဦးဘစောသည် ဦးလိုချင်၏ အိမ်တွင် တစ်ညတည်းခိုရလေတော့သည်။ နောက်တစ်နေ့တွင် အပျော်ဆုံးကား ဦးလိုချင်ဖြစ်၏။ စိတ်အညစ်ဆုံးကား သူ၏ သမီးကြီးအသက်ဆယ့်ကိုးနှစ်ခန့်ရှိ မကတိုးဖြစ်ပေ၏။

ဖခင်က စီစဉ်၍သာ မျောက်ကြီးရွာသို့ ခရီးထွက်ရမည်ဖြစ်ရာ ထိုရွာကို ရောက်လည်း မရောက်ဘူး၊ ကြားလည်း မကြားဘူးသဖြင့် သွားရမှာ စိတ်အားငယ်လှသည်။ ထို့ပြင် ချစ်သူမောင်ဇမ္ဗူသည် မြို့ဝန်၏မင်းခစား ယောကျ်ားဖြစ်၍ မြို့ဝန်မင်း ခိုင်းသည့်ကိစ္စဖြင့် ခရီးထွက်နေရာ သန်ဘက်ခါလောက်မှ ပြန်ရောက်မည်ဖြစ်သည်။ ချစ်သူကိုလည်း နှုတ်ဆက်မသွားရ၍ စိတ်မကောင်းဖြစ်နေ၏။

mgyoe.com

mgyoe.com


သို့သော် . . မတတ်နိုင်ပါချေ။ နာမည်နှင့်လိုက်အောင် လိုချင်လောဘထွက်တတ်ပါလေသော ဦးလိုချင်သည် ဇနီးဖြစ်သူ ဒေါ်စု၊ သမီးကြီး မကတိုးနှင့် သားငယ်နှစ်ယောက်ဖြစ်ကြသော မောင်ပျော့နှင့် မောင်ကလေးတို့ကိုပါခေါ်၍ လှည်းတစ်စီးဖြင့် ဦးဘစောကိုပါတင်ကာ မျောက်ကြီးရွာသို့ ခရီးထွက်ခဲ့ကြ၏။ တောအုပ်ထဲတွင် နံနက်စာစားရာတွင် မကတိုးသည် ထမင်းကျန်ကလေးများကို ကျေးငှက်များကို ကျွေးရင်း သူသည် စိတ်မရွှင်ပါပဲနှင့် မျောက်ကြီးရွာသို့ လိုက်ပါသွားရပြီဖြစ်ကြောင်း ပြောမိသေး၏။

များမကြာမီပင် သူတို့သည် မျောက်ကြီးရွာသို့ ရောက်လေတော့သည်။ သူကြီး ဦးဘရှုပ်သည် မကတိုးကို မြင်သည်နှင့် တစ်ပြိုင်နက် မေတ္တာသက်ဝင် ချစ်ခင်သွားလေ၏။ ထို့ကြောင့် ထိုနေ့ညတွင်ပင် မျောက်ရုပ်ကြီးက မျက်စိပြူးထွက်ပြ၍ ရွာသားတွေစုရုံးကြရ၏။ ဦးဘစောနှင့်အတူ ဧည့်သည်တွေပါ ပါကြရသည်။

ဝိုင်း၍ ရှိခိုးကြပြီးသည့်နောက်တွင် မျောက်ရုပ်ကြီးက စကားပြော၏။

"ဒီရွာကို မကြာခင် ရောဂါဆိုးကပ်ကြီးတစ်ခုဆိုက်ရောက်တော့မယ်။ ဒါကို လွှဲရှောင်ချင်ရင်တော့ တစ်ခုလုပ်လို့ ရတယ်"

ထိုအခါ ဦးဘရှုပ်က ပြန်မေး၏။

"ဘယ်လိုလုပ်ဆောင်ရပါမလဲ ခင်ဗျာ၊ မျောက်မင်းကြီး အမိန့်ရှိပါ"

"ကောင်းပြီ . . သေသေချာချာ နားထောင်။ အခုရောက်နေတဲ့ ဧည့်သည်မိန်းကလေး မကတိုးကို မောင်ဘရှုပ်က ထိမ်းမြားလက်ထပ်ရမယ်။ သည်လိုဆို သည်ရွာဟာ ရောဂါကပ်ဆိုးက လွတ်

mgyoe.com

mgyoe.com



ကင်းမယ်။ မိန်းကလေးရဲ့ မိဘဆွေမျိုးတွေကို ရတနာတပင်စာ ရတနာများကို သယ်ယူသွားခွင့်ပေးရမယ်"

ဦးဘရှုပ်နှင့် ရွာသားများသည် ဦးဘစောနှင့် ဇည့်သည် ဦးလိုချင်တို့ကို လှည့်ကြည့်ကြ၏။ ဦးလိုချင်ကား လောဘကြီးသူဖြစ်သဖြင့် ရတနာတွေနှင့် သမီးကို လဲချင်သည်။ ထို့ပြင်လည်း နောင်တွင် သမီးရှိနေလျှင် ရတနာတွေ လာလာယူ၍ ရနေမည်ဖြစ်၏။ ထို့ကြောင့် သဘောတူသည်။ သို့သော် မကတိုးကား ခါးခါးသီးသီး ငြင်း၏။

"မလိုချင်ဘူး။ ဦးဘရှုပ်သော ဦးဘရှင်းသော မလိုချင်ဘူး"

မကတိုးက ဤသို့ငြင်းသောအခါတွင် ရွာသားများ ဝိုင်းအုံလာကြ၏။

"ကျုပ်တို့ရွာတော့ အပျက်မခံနိုင်ဘူး၊ လိုချင်ချင် မလိုချင်ချင် အတင်းပေးစားရမှာပဲ။ ကျုပ်တို့ရွာထဲက ဒီအတိုင်းတော့ ပြန်ထွက်လို့မရဘူးမှတ်ပါ"

ဤသို့ဖြစ်နေရာ နောက်ဆုံးတွင် မကတိုးက ခုနစ်ရက် စဉ်းစားပါရစေဟု တောင်းပန်ရာ ဦးဘရှုပ်က ခွင့်ပြု၏။ သို့သော် ဦးလိုချင်တို့ တည်းနေသော ယခင်သူကြီးဟောင်း ဦးဘစော၏ နေအိမ်ကို ရွာသားများသည် တုတ်၊ ဓားလက်နက်များဖြင့် ဝိုင်းရံစောင့်ကြပ်နေကြသည်။

မကတိုးကား များစွာစိတ်ညစ်နေရသည်။ ခရီးထွက်နေရာမှ ပြန်ရောက်လာသော ချစ်သူမောင်ဇမ္ဗူသည် ရွာရောက်လျှင် မိမိကိုမတွေ့ရသဖြင့် ဝမ်းနည်းရမည်။ တစ်နေ့သောအခါတွင်ကား မိမိလက်ထပ်ပြီးပြီဖြစ်ကြောင်းကိုသိလျှင် ပို၍ ဝမ်းနည်းရရှာလေ

mgyoe.com

mgyoe.com


တော့သည်။

မကတိုးသည် ငိုယို၍သာ နေရသည်။ ကျေးငှက်ကလေးတို့သည် ပြတင်းပေါက်တွင်လာနား၍ မကတိုးကို သနားသလိုကြည့်ကြသည်။ မကတိုးကလည်း သူစိတ်ညစ်နေရကြောင်းကို ကျေးငှက်ကလေးတွေကိုသာ လူလိုသဘောထား၍ ပြောနေရ၏။ ပြောမည့်သာ ပြောနေရသည်။ စင်စစ်တွင်ကား မိမိ၏ ဒုက္ခကို ပယ်ရှားပေးနိုင်သူမရှိဖြစ်နေပါသည်။

မောင်ဇမ္ဗူသည် မြို့တော်ဝန် ခိုင်းစေလိုက်သော ကိစ္စဖြင့် ခရီးထွက်ရာမှ ငြိမ်းအေးချမ်းမြို့ကြီးသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထိုသို့ ပြန်ရောက်သောအခါတွင် ချစ်သူ မကတိုးတို့ ခရီးထွက်သွားကြောင်းသာ ကြားသိရ၏။ ဘယ်အရပ်သို့ သွားသည်။ ဘာကိစ္စဖြင့် သွားသည်ဆိုသည်များကို မသိရသဖြင့် များစွာပင် စိတ်လည်းပူရသည်။ ဝမ်းလည်းနည်းရသည်။

သူသည် စာကလေးများကို ချစ်တတ်သူဖြစ်၍ အစာကျွေးလေ့ရှိရာ စာကလေးများကလည်း သူ့ကိုချစ်ခင်လှသည်။ ထို့ကြောင့်ပင် လူများက သူ့ကို 'စာများချစ်သူမောင်ဇမ္ဗူ'ဟူ၍ ခေါ်စမှတ်ပြုကြသည်။

မောင်ဇမ္ဗူသည် ထုံးစံအတိုင်းပင် ရွာပြင်တောစပ်တွင် အစာကျွေး၏။ မြို့စာအိမ်စာများသာမက တောအုပ်ထဲက စာငှက်တွေပါရောက်လာကြ၍ ပျော်ရွှင်စွာ စားသောက်ကြသည်။

ထိုအခါတွင် စာကလေးတစ်ကောင် ပြော၏။

"ကိုဇမ္ဗူ . . မကတိုးဟာ ခရီးမထွက်ချင်ပဲ ထွက်ရတယ်။ သူ့အဖေစကားကို မလွန်ဆန်နိုင်လို့ လိုက်သွားရတာ၊ ကျွန်တော်တွေ့

mgyoe.com

mgyoe.com


လိုက်တယ်"

"ဘယ်ကို သွားတာတဲ့လဲ"

"မျောက်ကြီးရွာကိုတဲ့"

"အဲဒီမျောက်ကြီးရွာက ဘယ်မှာတဲ့လဲ"

"ဒါကော့ ကျွန်တော်မသိဘူး"

ထိုအခိုက်တွင် စားဗူးတောင်းတစ်ကောင်က ဝင်ပြောသည်။

"မျောက်ကြီးရွာဆိုတာ ကျွန်တော်ရောက်ဖူးတယ်။ မျောက်ရုပ်ကြီးရှိတဲ့ ရွာပဲ"

"ဒါဖြင့် ငါ့ကို လိုက်ပို့စမ်းပါ"

"ကျွန်တော် မအားသေးဘူးဗျ၊ မိုးကျတော့မယ်၊ ဗူးတောင်းအသိုက်လုပ်ရဦးမယ်ဗျ၊ ဟော. . ဟိုက စာဝတီးကို မေးကြည့်ပါလား"

စာဝတီးကလည်း ဤသို့ပြန်ပြောသည်။

"ကျွန်တော် လိုက်ပို့ချင်ပါတယ်၊ မျောက်ကြီးရွာကို ကြားသာကြားဖူးတာ မရောက်ဖူးဘူးဗျ၊ ဟော . . စာဘုန်းကြီးကတော့ အရပ်ဒေသလည်း နှံ့စပ်တယ်။ ဗဟုသုတလည်းများတယ်ဗျ၊ သူ့ဆီမှာ အကူအညီတောင်းပါတယ်"

ထိုအခါ မောင်ဇမ္ဗူသည် စာဘုန်းကြီးကို ပြောရတော့သည်။

"ဘယ်လိုလဲ စာဘုန်းကြီး၊ ငါ့ကို လိုက်ပို့ပေးမှာလား"

"စိတ်ချပါဗျာ . . လိုက်ပို့ပေးပါ့မယ်။ ကျုပ်က မျောက်ကြီးရွာကို ရောက်ဖူးရုံမကဘူး။ အဲဒီရွာနားမှာ ကျက်စားနေတာကြာပြီ။ အကုန်သိတယ်။ တစ်နေ့ကတောင် မကတိုးငိုနေတာတွေ့တယ်"

ဤသို့ အစချီ၍ မကတိုး၏ ကြုံတွေ့နေရသော ဒုက္ခကို ပြော

mgyoe.com

mgyoe.com


ပြ၏။ ထိုအခါ မောင်ဇမ္ဗူသည် စိတ်တုန်လှုပ်ကာ ချက်ချင်းထသွားချင်လာ၏။ သို့သော် ရိက္ခာစသည်များကို ယူငင်စရာလိုသေး၍ ရွာသို့ပြန်ယူပြီးမှ ဓားလွယ်ကိုပါလွယ်ကာ စာဘုန်းကြီးနှင့်အတူ ခရီးထွက်ခဲ့၏။

စာဘုန်းကြီးက သစ်ပင်တစ်ပင်ပြီး တစ်ပင်နား၍ ပျံသန်းသွားရာ မောင်ဇမ္ဗူက မြေပြင်က ခြေကျင်လိုက်ပါသွားရခြင်းဖြစ်သည်။ လမ်းတွင် မောင်ဇမ္ဗူက တေးချင်းဆိုလိုက်၊ စာဘုန်းကြီးက တေးချင်းဆိုလိုက်နှင့် သွားကြ၏။ စာဘုန်းကြီးဆိုသော တေးမှာ သာယာ၍ ပျော်ရွှင်ဖွယ်ကောင်းသော်လည်း မောင်ဇမ္ဗူဆိုသော တေးမှာ လွမ်းဆွတ်၍ ကြေကွဲဖွယ်ကောင်းလှပါသည်။

များမကြာမီပင် သူတို့သည် မျောက်ရုပ်ကြီးနားသို့ ရောက်ကြ၏။ မလှမ်းမကမ်းက ချုံဖုတ်များတွင် ပုန်းကွယ်နေရင်း စာဘုန်းကြီးက ဦးဘရှုပ်တို့ ညာဏ်နီညာဏ်နက်များ၍ ဤရွာကြီးကို ဦးဘစောလက်မှ ရယူပုံများ၊ မသိနားမလည်သော ရွာသားများကို လှည့်ပတ်၍ ဗိုလ်ကျနေပုံများကို ပြောပြ၏။ ထို့ပြင် မျောက်ရုပ်ကြီးထဲသို့ ဝင်သည့်လိုဏ်ဂူဝဖြစ်သော ရေတွင်းပျက်နှင့် အနားတွင်ရှိသော ခြေလိမ်နှင့် လက်ကောက်တို့ကိုပါ ပြသသည်။ မောင်ဇမ္ဗူကား စာဘုန်းကြီးက အသေးစိတ်ပြောပြသဖြင့် အားလုံးကိုသိရသည်။

ထို့နောက် မောင်ဇမ္ဗူသည် ထမင်းစား၍ ထုံးစံအတိုင်း စာကလေးများကို ထမင်းကျွေး၏။ မျောက်ကြီးရွာထဲက စာကလေးများပင် လာစားကြ၏။ မောင်ဇမ္ဗူဆိုလျှင် အလိုလိုပင် စာကလေးများက ချစ်တတ်ကြလေသည်။ သူကလည်း စာကလေးများကို အထူးချစ်ခင်ဂရုတတ်သောကြောင့်ဖြစ်၏။

mgyoe.com

mgyoe.com


ထမင်းစားပြီးသာအခါတွင် ပေရွက်ကလေးတွင် စာတိုကလေး ရေး၍ စာကလေးတစ်ကောင်ကို မကတိုးထံသို့ သွားရောက်ပေးပို့ ခိုင်း၏။ စာကလေးကလည်း မကတိုး၏ ပြတင်းပေါက်ဆီသို့ ဆိုက် ဆိုက်မြိုက်မြိုက် ကိုက်ချီပျံသန်းသွားကာ မကတိုးအား သဝဏ်လွှာ ကိုပေးသည်။

မကတိုးက စာကလေး၏ နှုတ်သီးမှ ပေရွက်ကလေးကို ဆွဲယူ၍ ဖတ်ကြည့်၏။

"ယနေ့ညတွင် မျောက်မင်းကြီးကို အမိန့်ချခိုင်းပါ၊ မောင်ဇမ္ဗူ ရောက်ပြီ"

အထက်ပါ စာကို ဖတ်ရသည်တွင် မကတိုးသည် အတိုင်းမသိ ဝမ်းသာသွားရတော့သည်။ ချစ်သူ မောင်ဇမ္ဗူရောက်နေပြီဆိုလျှင် မိမိသည် တစ်နည်းနည်းဖြင့် ဘေးကင်းတော့မည်ကို ယုံကြည်မိ သောကြောင့်ပင်ဖြစ်ပါ၏။

မကတိုးသည် ရှာသားတစ်ယောက်ကို ဦးဘရှုပ်ကို အခေါ်ခိုင်း လိုက်ရာ သူကြီးသည် ချက်ချင်းလိုက်လာလေ၏။

"ချစ်စရာကောင်းလှပါတဲ့ မကတိုး၊ ဘာများပြောချင်ပါသလဲ"

"ချဉ်စရာကောင်းလှပါတဲ့ သူကြီးရှင်၊ သည်ကနေ့ ညမှာ မျောက်မင်းကြီးကို ဘယ်ရက်မှာ လက်ထပ်ပွဲကျင်းပရမလဲဆိုတာ အမိန့်ချပါလို့ ဆုတောင်းပေးနိုင်ပါ့မလား"

ဦးဘရှုပ်သည် အစတွင် 'ချဉ်စရာကောင်းသည်'ဆို၍ မျက်နှာ ရှုံ့သွားသေးသော်လည်း နောက်တွင် လက်ထပ်ရမည်ဆို၍ သူ့မျက် နှာသည် ပုရွက်ဆိတ်တွေ၊ ယင်ကောင်တွေ အုံလာတော့မတတ်ချို လာ၏။

mgyoe.com

mgyoe.com


"ဟာ . . ဖြစ်ပါတယ်၊ မျောက်မင်းကြီးက တန်ခိုးရှင်ပဲ။ ကျုပ်တို့ ဆုတောင်းရင် သိတာပဲပေါ့၊ ခုကတည်းက ရွာသားတွေကို ညဦးဘက်မှာ ကွင်းစပ်ထွက်ဖို့ ဆင့်ထားလိုက်မယ်၊ အဟီဟိ"

ဦးလိုချင်က ဖြတ်၍မေး၏။

"သူ့ကြီးဟာ စကားအဆုံးမှာ ဘယ်လိုဖြစ်သွားတာလဲ"

"မအောင့်မအည်းနိုင်ပဲ ကြို့ထိုးသွားတာပါ"

"ကြို့ထိုးတာကလည်း အဟီ . . ဟိတဲ့လား"

"နှာချေတာတောင် လူတစ်ယောက်နဲ့တစ်ယောက် ကွဲပြားသေးတာပဲဗျာ၊ ကြို့ဆိုတာလည်း ကွဲပြားတာပေါ့၊ ကဲ . . . ကျုပ်သွားလိုက်ဦးမယ်၊ ဟေ ဟေ့"

"ဟင် . . တစ်ယောက်နဲ့တစ်ယောက်မပြောနဲ့၊ လူတစ်ကိုယ်တည်းတောင်မှ တစ်ခါနဲ့တစ်ခါ မတူသေးဘဲကိုး"

ဦးဘရှုပ်ကား ဘာမှုပြန်မပြောတော့ပဲ သုတ်ခြေတင်သွားလေတော့၏။

မျောက်ကြီးရွာတွင် ပြောစမှတ်ဖြစ်ကျန်ရစ်တော့မည့် ညဦးပိုင်းဖြစ်တော့သည်။

မောင်ဇမ္ဗူသည် ရေတွင်းပျက်နှင့် မနီးမဝေးက ချုံဖုတ်နောက်တွင် ဝပ်နေ၏။ အဝေးက မျောက်ရုပ်ကြီး၏ရှေ့ ကွင်းပြင်တွင် ရွာသားများ စုရုံးနေကြပေပြီ။

ထိုခဏတွင် ခြေလိမ်သည် မှောင်ရိပ်ခိုကာ ရေတွင်းပျက်ထဲဝင်၏။ ချက်ချင်းလိုလိုပင် လက်ကောက်သည်သူနည်းတူပင် လိုက်၍ဝင်၏။ ခါတိုင်းဆိုလျှင် သူတို့နှစ်ယောက်နှင့်ပြီးတော့၏။

ယနေ့ညတွင်ကား ဤသို့မဟုတ်ချေ။ ချုံဖုတ်ကွယ်က ပုန်းနေ

mgyoe.com

mgyoe.com



သော မောင်ဇမ္ဗူကလည်း သူတို့ကဲ့သို့ပင် ရေတွင်းပျက်ထဲသို့ လိုက်၍ဝင်လေတော့သည်။

ရှာသားများသည် ခါတိုင်းဆိုလျှင် မျောက်ရုပ်ကြီးမျက်စိတွေလင်းလာမှ လာရောက်စုရုံးကြရ၏။ ယနေ့တွင်မူ စောစောကပင်စုရုံးနေကြရသည်ဖြစ်သောကြောင့် မျောက်ရုပ်ကြီးက မျက်လုံးတွေလင်းမှ လင်းပါမည်လားကို စိုက်ကြည့်နေကြသည်။ သူကြီးဦးဘရှုပ်သည် ရှင်နေပြီး စကားတွေဖောင်ခနေ၏။

"ကျုပ် ဆုတောင်းရင် မျောက်မင်းကြီးက ဘယ်တော့မှ မနေဘူးဗျ။ ကျုပ်ရင်ဘတ်မှာ ဟနုမန်ဆေးထိုးထားတယ်"

သူသည် ကျယ်လောင်စွာ ပြောနေသည်။

ခြေလိမ်သည် အပေါ်ဆင့်သို့ ရောက်ပြီဖြစ်၍ မီးခတ်ပြီး မီးတုတ်တွေကို ညှိကာ မျက်လုံးပေါက်ကြီးများ နောက်က မီးရောင်ကို ဝှေ့ယမ်းပြ၏။ အပြင်က ကြည့်လျှင် ပထမမျက်လုံးအိမ်များ လင်းလာ၏။ နောက်တွင် မျက်လုံးများက မီးရောင်ထွက်လာသည်ဟု မြင်ရ၏။ မျက်လုံးပေါက်၊ ပါးစပ်ပေါက်တို့ကား လိုဏ်ဂူတူးကာမှ ဖောက်ပစ်လိုက်ကြခြင်းဖြစ်သည်။ မူလက အပိတ်များဖြစ်၏။

ရှာသားတွေ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

"ဟော . . မျက်လုံးတွေ လင်းလာပြီ စကားပြောတော့မယ်"

အားလုံးတိတ်သွားကြ၏။ လက်ကောက်သည် အောက်ဆင့်သို့ တက်လိုက်၏။ ထိုခဏတွင် သူ့အောက်သို့ မောင်ဇမ္ဗူရောက်လာ၏။ လက်ကောက်ရပ်နေသောအဆင့်မှာ လည်ပင်းတွင်သာဖြစ်၍လူတစ်ယောက်စာသာရှိသည်။ ထို့ကြောင့်ပင် ခြေလိမ်တက်၍ အပေါ်ဆင့်ရောက်မှ လက်ကောက်က လိုက်တက်၍ရ၏။

mgyoe.com

mgyoe.com


"အဟမ်း . . အဟမ်း"

"ဟော . . မျောက်မင်းကြီး ချောင်းဟန့်ပြီး စကားပြောတော့မယ်"

အပြင်ဘက်တွင် ဆူသွား၏။ မောင်ဇမ္ဗူသည် ဓားကိုအသာချွတ်၍ လက်ကောက်၏ခြေသလုံးကိုဓားဦးဖြင့် တေ့ထားသည်။

"အဟမ်း . . ယနေ့ညမှာ ပြောချင်တာက မောင်ဘရှုပ်နဲ့ အောင်မလေးဗျို၊ စူးတယ် . . အား . . . အား"

"ဟယ် . . မျောက်မင်းကြီးက ဘာစကားပြောသလဲ မသိဘူး"

"မျောက်စကား ထင်တယ်။ ငါတို့ကလည်း မျောက်စကား မတတ်၊ ဒုက္ခပါပဲ"

ရွာသားတွေ တစ်ယောက်တစ်ပေါက်ဖြစ်ကုန်ရာ သူကြီးဦးဘရှုပ်က ဟန့်လိုက်ရ၏။ ထိုအခိုက် မျောက်ရုပ်ကြီးထံမှ အသံထွက်လာပြန်သည်။

"သူကြီး မောင်ဘရှုပ်နဲ့ အယ် . . သေပါပြီဗျို၊ စူးတယ် . . အား"

လက်ကောက်သည် ဆက်မပြောနိုင်တော့ပါ။ မောင်ဇမ္ဗူက ခြေထောက်ကို ဆွဲ၍ အောက်သို့ပစ်ချ၏။ လက်ကောက်သည် တလိမ့်ခေါက်ကွေးနှင့် ကျသွားသည်။ အပေါ်ဆင့်ကရပ်နေသော ခြေလိမ်မှာလည်း အောက်ဆင့်တွင် လက်ကောက်ပျောက်သွားသဖြင့် အောက်ဆင်းရန် ခြေတစ်ဘက်နှိမ့်ဆင်းလာ၏။ မောင်ဇမ္ဗူက ထိုခြေကို ဆုပ်ဆွဲချကာ အောက်သို့ပစ်ချ၏။ သူသည်လည်း တလိမ့်ခေါက်ကွေးကျသွားပြန်သည်။

အပြင်ဘက်တွင် ရွာသားတွေ ရှုစိ ရှုစိဖြစ်နေတော့၏။

"ဟယ် . . မျောက်မင်းကြီး တိတ်သွားပြီဟေ့"

mgyoe.com

mgyoe.com


"သလိပ်ကပ်သွားတာ ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ သလိပ်များဆို့သွားသလား မသိဘူး"

"တိတ်ကြစမ်း"

ဦးဘရှုပ်က ဝင်ဟန့်ရင်း မျက်စိ မျက်နှာပျက်ပျက်နှင့် မော့ကြည့်နေ၏။

မောင်ဇမ္ဗူသည် လက်ကောက်ရပ်သောနေရာတွင် ရပ်ကာ ကတော့သဏ္ဌာန်ပြုလုပ်ထားသော ပါးစပ်ပေါက်များကို ပါးစပ်ကပ်လိုက်၏။

"အားလုံး ရွာသားတွေ နားထောင်ကြ၊ မင်းတို့ရွာ ဒုက္ခတွေ လွတ်အောင် လက်ရှိသူကြီး ဦးဘရှုပ်ကို ဖမ်းကြ၊ ဦးဘစောကို သူကြီးပြန်ခန့်"

ရွာသားများ 'ဟယ်'ခနဲ ဖြစ်ခိုက် ဦးဘရှုပ်သည် ပြေးရန် မတ်တတ်ရပ်၏။ သို့သော် လူငယ်များက ဝိုင်း၍ ဖမ်းချုပ်ထားကြသည်။ ထိုအခိုက်တွင် မျောက်ရုပ်ကြီးထံမှ အသံသည် ဆက်၍ ထွက်ပေါ်လာပြန်၏။

"တချို့ရွာသားတွေက ရေတွင်းပျက်ဆီကို ပြေးသွားကြ။ အတွင်းက ထွက်လာတဲ့ ကောင်နှစ်ကောင်ကို ဖမ်းထား"

ရွာသားများလည်း သူပြောသည့်အတိုင်း ရေတွင်းပျက်အဝသို့ သွားရောက်၍ စောင့်နေကြလေရာ ရေတွင်းပျက်ထဲက ပြေးထွက်လာကြသော ခြေလိမ်နှင့် လက်ကောက်တို့ကို ဖမ်းမိလေတော့သည်။

"ကျုပ်ဟာ မောင်ဇမ္ဗူပဲ၊ ကျုပ်ထွက်လာခဲ့ပြီး အားလုံးရှင်းပြမယ်"

မကြာမီပင် မောင်ဇမ္ဗူသည် အပြင်သို့ထွက်လာပြီး အကျိုး

mgyoe.com

mgyoe.com


အကြောင်းရှင်းပြ၏။ ဤတွင်မှ ရွာသားတို့လည်း မီးတုတ်များဖြင့် လိုဏ်ခေါင်းဝကို ဝင်ကြည့်ကြရာမကြာခင်ပင် မျောက်ရုပ်ကြီး ပါး စပ်မှ အသံမျိုးစုံထွက်လာတော့သည်။

"ဟော့ . . ဟား ဟား"

"မိုးရွာရင် ရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာ ရင် အုန်းသီးခွဲစားမယ်"

"လူကလေးရယ် အိပ်ချင်ဘူး ဗျိုင်း၊ ရှေ့ကမြူး"

"ဟိ ဟိ ဟိ"

မျောက်ကြီးရွာတွင် ဦးဘစောသည် သူကြီးပြန်ဖြစ်၍ ရွာသား များ ပျော်ရွှင်ကြရ၏။ ဦးဘရှုပ်၊ ခြေလိမ်နှင့် လက်ကောက်တို့ကို ကြိမ်ဒဏ်ပေး၍ ရွာမှ နှင်ထုတ်လိုက်ကြသည်။


ဦးလိုချင်တို့မိသားစုနှင့် မောင်ဇမ္ဗူကို လှည်းများဖြင့် ပြန်၍ လိုက်ပို့ပေးရုံမက ရတနာများကိုလည်း လှည်းတစ်စီးတိုက်ပေးလိုက် ကြလေရာ၊ ငြိမ်းအေးချမ်းမြို့တော်သို့ရောက်သောအခါတွင် မောင် ဇမ္ဗူနှင့်မကတိုးတို့သည် တင့်တောင့်တင့်တယ် လက်ထပ်ထိမ်းမြား ကြရလေတော့သည်။

ဝမ်းသာသည့် အထိမ်းအမှတ်ဖြင့် တောစပ်တွင် ကျေးငှက် များကိုအစာကျွေးလေရာ မောင်ဇမ္ဗူနှင့် မကတိုးတို့၏ ဘေးနား တွင် အိမ်စာ၊ စာဝတီး၊ စာဗူးတောင်း၊ စာဘုန်းကြီးများသည် တိုးမ ပေါက်အောင် စည်ကား၍ နေသည်ဟုပြောကြသည်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဟတ်ချိုး ဟတ်ချိုး ဟတ်ချိုး

ဦးသမိုင်းသည် ရင်ကိုကော့၍ ဒေါ်ပြုံး၏ အိမ်တွင်းသို့ဝင်လာ၏။ ချေးထွက်ဆဲ့သဖြင့် ဟန်ပန်ပျက်ကာ ရင်မကော့နိုင်ဘဲ ကုန်းကုန်းကွကွဖြင့် ခဲကောက်သလိုလို၊ တုတ်ရှာသလိုလုပ်မှ ချေးထွက်ပြေးသည်။ ဒေါ်ပြုံးက ထွက်လာလေ၏။

"ဩော် . . ချေးသံကြားလို့ ထွက်လာတာ လက်စသတ်တော့ ရှင်ကိုး"

ဦးသမိုင်းက မျက်နှာရှုံ့တွသွားသည်။

"ခင်ဗျားစကားက ဘယ့်နှယ်ကြီးလဲဗျ၊ ချေးသံကြားပြီး ထွက်လာတော့ ကျုပ်ကို တွေ့တယ်ဆိုတော့ ကျုပ်ကပဲ ချေးဖြစ်ရမလိုလို"

"ကျွန်မက ရှင်ချေးဖြစ်မယ်လို့ မဆိုလိုပါဘူး၊ ချေးကသာ ရှင်ဖြစ်ချင်ဖြစ်မှာ"

"ဘာထူးသလဲဗျ"

"ရှေ့နဲ့နောက်နဲ့ ထူးတယ် ထင်တာပဲ၊ ဒါထက် ရှင်ဘာလာလုပ်တာလဲ"

"ကိစ္စရှိလို့ လာလည်တာပေါ့ဗျ"

mgyoe.com